# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၄ | ကလေးသူငယ်များ အလုပ်ခိုင်းစေမှု အငယ်ဆုံးအသက်ဆိုင်ရာ ILO Convention No.(138)ကို အတည်ပြုလက်မှတ်ရေးထိုးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၅ | နှစ်နိုင်ငံတရားဝင်သွားလာခွင့်နှင့် ကုန်သွယ်ခွင့်ရရှိရန် မယ်စဲ့မြို့နယ်ရှိ ဟိုစဲ့ကျေးရွာ BP–14 နယ်စပ် ဂိတ်နှင့် ထိုင်းနိုင်ငံ၊ ဆောင်ဟိန်ကျေးရွာ နယ်စပ်ဂိတ်တို့ကို ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၆ | တိုက်နယ်ဆေးရုံများတွင် သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာဌာန တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ဆရာဝန်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၇ | မြန်မာနိုင်ငံတွင် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ် ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၁ |
| ၈ | လင်းခေးမြို့နယ်တွင် သင့်လျော်သောမြေနေရာ၌ အဆင့်မီ မိုးလုံလေလုံ အားကစားရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၅ |
| ၉ | သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာ၏ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံခွင့်ပြုမိန့်ကို အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၀ | နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၅၀) မှ ခုတင်(၁၀၀) ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့် ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၅ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် | ၄၁ |

လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၄၉

၁၃ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း ၅၁

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ ၅၆

၁၅ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၇၆

၁၆ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၉၀

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၉၁

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

နဝမနေ့ အစီအစဉ်

(၂၉-၁၁-၂၀၁၉)(သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ **ကလေးသူငယ်များ အလုပ်ခိုင်းစေမှု အငယ်ဆုံးအသက်ဆိုင်ရာ ILO Convention No.(138) ကို အတည်ပြု လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **နှစ်နိုင်ငံတရားဝင် သွားလာခွင့်နှင့် ကုန်သွယ်ခွင့်ရရှိရန် မယ်စဲ့မြို့နယ်ရှိ ဟိုစဲ့ကျေးရွာ BP-14 နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ၊ ဆောင်ဟိန်ကျေးရွာ နယ်စပ်ဂိတ်တို့ကို ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **တိုက်နယ်ဆေးရုံများတွင် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာဌာန တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ဆရာဝန် ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ်တွင် သင့်လျော်သော မြေနေရာ၌ အဆင့်မီ မိုးလုံလေလုံအားကစားရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးအောင်နိုင်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာ၏ ကိုယ်ထူကိုယ်ထ တိုက်နယ် ဆေးရုံ ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ကို အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်တင်လင်း၊ နတ်မောက် မဲဆန္ဒနယ်၏ **နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင် (၅၀) မှ ခုတင် (၁၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ခ) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၊

(ဂ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဃ) ဦးမန်းညွန့်သိန်း၊ ပန်းတနော် မဲဆန္ဒနယ်၊

၁၁။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## နဝမနေ့မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

## (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

မူကြမ်း

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်မဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြား သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက် ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၉ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၄ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ခွင့် ၁ ရက်၊

(၂) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၄) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊

(၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၆) မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ခွင့် ၁ ရက်၊

(၇) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊

(၈) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် ၁ ရက်၊

(၁၀) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၁၁) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ခွင့် ၁ ရက်၊

(၁၂) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၁၃) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ခွင့် ၁ ရက်၊

(၁၄) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊

(၁၅) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၁ ရက်၊

(၁၆) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၁၇) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး ခွင့် ၁ ရက်၊

(၁၈) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၉) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊

(၂၀) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၂၁) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၂၂) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂၃) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊

(၂၄) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၂၅) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၂၆) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၂၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၈) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၂၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၃၀) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၁ ရက်၊

(၃၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၃၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၈ ရက်၊

(၃၃) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၃၄) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊

(၃၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၃၆) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊

(၃၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၃၈) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၃၉) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊

(၄၀) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၄၁) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၄၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၇ ရက်၊

(၄၃) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်နှင့်

(၄၄) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု**

**အခြေအနေကိုမှတ်တမ်းတင်ခြင်း**

မူကြမ်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၆၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကလေးသူငယ်များ အလုပ်ခိုင်းစေမှု အငယ်ဆုံးအသက်ဆိုင်ရာ ILO Convention No.(138)ကို အတည်ပြုလက်မှတ်ရေးထိုးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးသူငယ်များ အလုပ်ခိုင်းစေမှု အငယ်ဆုံးအသက်ဆိုင်ရာ ILO ပြဋ္ဌာန်းချက် No.(138)ကို အတည်ပြုလက်မှတ် ရေးထိုးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ILO ၏ အခြေခံ ပြဋ္ဌာန်းချက်ရှစ်ချက်ထဲမှာ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်(၂၉/၁၉၃၀) လွတ်လပ်စွာအသင်း အပင်းဖွဲ့စည်းခွင့် ဖွဲ့စည်းခွင့်ကိုကာကွယ်သည့်ပြဋ္ဌာန်းချက်(၈၇/၁၉၄၈) အဆိုးဝါးဆုံး ကလေး အလုပ်သမားခိုင်းစေမှုပုံစံများပြဋ္ဌာန်းချက်(၁၈၂/၁၉၉၉) တို့ကို လက်မှတ်ရေးထိုးပြီး ကလေးအလုပ် သမားများ လျော့နည်းပပျောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

သို့သော် အဓမ္မအလုပ်ခိုင်းစေမှု အဆိုးဝါးဆုံး ကလေးအလုပ်သမားခိုင်းစေမှုများ ရှိနေသေး သည့်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ ကလေးအလုပ်သမားများနှင့် ပတ်သက်ပြီး ILO ၏ အခြေခံပြဋ္ဌာန်းချက်ဖြစ်တဲ့ (၁၃၈) နှင့် (၁၈၂)တို့ကို အဖွဲ့ဝင်နိုင်ငံများမှ လက်မှတ်ရေးထိုးရန် အကောင်အထည်ဖော်ရန် လမ်းညွှန်ထားရာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ ILO ပြဋ္ဌာန်းချက် (၁၈၂) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြဋ္ဌာန်းချက်အမှတ် (၁၃၈)ကို အာရှနိုင်ငံ၊ ပစိဖိတ်နိုင်ငံအားလုံးလိုလိုက လက်မှတ်ရေးထိုးထား သော်လည်းပဲ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘရူနိုင်းနိုင်ငံများ ကျန်ရှိနေပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးအလုပ်သမားဆိုင်ရာကိစ္စများကို ကတိကဝတ်ပြုဆောင်ရွက်ခြင်း နှင့် အရေးယူဆောင်ရွက်ခြင်းများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ အရပ်ဘက် အဖွဲ့အစည်းများမှ လုပ်ဆောင်ခဲ့သော်လည်း အားနည်းချက်များ၊ စိန်ခေါ်မှုများ များစွာရှိနေသေးပါ တယ်။ မြန်မာနိုင်ငံမှာ ကလေးလုပ်သား တစ်သန်းကျော်ရှိပြီး အများစုမှာ အန္တရာယ်ရှိတဲ့အလုပ်များ မှာ လုပ်ကိုင်နေကြရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်သမားဥပဒေများအားနည်းခြင်း သို့မဟုတ် မရှိခြင်းနှင့် ဥပဒေရှိပြီး အရေးယူဆောင်ရွက်မှုမပြုခြင်းများဟာ ကလေးအလုပ်သမားအသုံးပြုမှုကို ကြီးစွာသောပံ့ပိုးမှုကို ဖြစ်စေပါတယ်။ မြန်မာနိုင်ငံမှာ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေနှင့်

အလုပ်ရုံများအက်ဥပဒေများဟာ အသက် ၁၄ နှစ်အောက်ကလေးသူငယ်များ အလုပ်လုပ်ခြင်းကို တားမြစ်ထားသော်လည်း စိုက်ပျိုးရေးကဏ္ဍနှင့် ပုံစံတကျဖွဲ့စည်းထားခြင်းမဟုတ်တဲ့ စီးပွားရေး လုပ်ငန်းများမှာ အလုပ်လုပ်နေတဲ့ကလေးငယ်များအတွက် အကျုံးမဝင်ပါဘူး။ ထိုကဏ္ဍများမှာ ကလေးအလုပ်သမားများ အများဆုံးရှိနေပါတယ်။ အထက်ပါဆိုင်များနှင့် အလုပ်ဌာနများဥပဒေနှင့် အလုပ်ရုံများအက်ဥပဒေဟာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO) က ကလေးအလုပ်သမား များအတွက် သတ်မှတ်ထားတဲ့ အခြေခံပြဋ္ဌာန်းချက်အမှတ်(၁၃၈)ဖြစ်တဲ့ အငယ်ဆုံးအသက်အရွယ် ဆိုင်ရာ အခြေခံသဘောတရားများနှင့် ကိုက်ညီမှုမရှိပါဘူး။

၁၉၉၁ ခုနှစ်မှာ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့် ပြုပါ။ ဒီပုံတွေကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များ လုပ်ငန်းခွင်ဝင်နေတဲ့ပုံတွေဖြစ်ပါတယ်။ ကလေးလုပ်သားဖြစ်ရတဲ့ အဓိကအကြောင်းအရင်းကတော့ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်ပါတယ်။ ပညာသင်ကြားရမယ့်အရွယ်မှာ ပညာမသင်ကြားနိုင်ဘဲနဲ့ မိဘစားဝတ်နေရေးအတွက်၊ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေကြရတဲ့ ကလေးလုပ်သား တွေဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးလုပ်သားတွေလျော့နည်းပပျောက်အောင် အစိုးရ၊ လွှတ်တော်၊ အလုပ်ရှင်၊ မိဘ၊ ကလေးများ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှုရရှိနိုင်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကလေးသူငယ်များ အခွင့်အရေးများကို နိုင်ငံတကာဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းဟာ နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို တိုးမြှင့်ပေးမှာဖြစ်သည့်အတွက် ကလေးသူငယ်များအလုပ်ခိုင်းစေမှု အငယ် ဆုံးအသက်အရွယ်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ်(၁၃၈)ကို အတည်ပြုလက်မှတ်ရေးထိုးပေး ရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် လက်မှတ်ထိုးမည်၊ မရှိပါက အဘယ်ကြောင့် ဖြစ်သည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ် ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကလေးသူငယ်များအလုပ်ခိုင်းစေမှု အငယ်ဆုံးအသက်ဆိုင်ရာ ပြဋ္ဌာန်းချက် ILO Convention အမှတ်(၁၃၈) ကို လက်ခံအတည်ပြု ၂၀၁၉ ခုနှစ် ဇွန်လမှာကျင်းပခဲ့တဲ့ ILC ညီလာခံမှာ မြန်မာနိုင်ငံအနေနဲ့ အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရတို့ ပူးပေါင်းပြီးတော့မှ အဆိုပါ Convention ကိုလိုက်နာလက်မှတ်ရေးထိုးဖို့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်လို့ကြေညာခဲ့ပါတယ်။ ဒါ့အပြင် အဆိုပါ Convention နဲ့ပတ်သက်ပြီးတော့မှ လိုက်နာ ကျင့်သုံးဖို့အတွက် သင့်/မသင့်ကိုလည်းပဲ ဌာနတွင်းဆွေးနွေးမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးမှုနှင့် လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ အားလုံးရဲ့သဘောတူခွင့်ပြုချက်ရရှိတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို လည်းပဲ တင်ပြခဲ့ပြီးတော့မှ ၈-၁၁-၂၀၁၉ ရက်နေ့တွင်ကျင်းပတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၁/၂၀၁၉) ကလည်း သဘောတူပြီး ဖြစ်ပါတယ်။ ၂၆-၁၁-၂၀၁၉ ရက်နေ့တွင်ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော်သို့လည်းပဲ အဆိုပါအငယ်ဆုံးအသက် ILO ပြဋ္ဌာန်းချက် အမှတ်(၁၃၈) ကို လက်ခံကျင့်သုံးရေးအတွက်ကိုလည်း

ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကြီးက အတည်ပြု ခဲ့တယ်ဆိုရင် ဆက်လက်ပြီးတော့မှ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ အငယ်ဆုံးအသက် ILO ပြဋ္ဌာန်းချက် အမှတ် ၁၃၈ ကို ဆက်လက်ပြီးတော့မှ လုပ်ထုံးလုပ်နည်းများနဲ့အညီ အတည်ပြုနိုင်ရေး၊ လက်ခံကျင့်သုံးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**နှစ်နိုင်ငံတရားဝင်သွားလာခွင့်နှင့် ကုန်သွယ်ခွင့်ရရှိရန် မယ်စဲ့မြို့နယ်ရှိ ဟိုစဲ့ကျေးရွာ BP-14 နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ၊ ဆောင်ဟိန်ကျေးရွာနယ်စပ်ဂိတ်တို့ကို ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ နှစ်နိုင်ငံတရာဝင် သွားလာခွင့်နှင့်ကုန်သွယ်ခွင့်ရရှိရန် မယ်စဲ့မြို့နယ်ရှိ ဟိုစဲ့ကျေးရွာ BP-14 နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ၊ ဆောင်ဟိန်းကျေးရွာနယ်စပ်ဂိတ်တို့ကို ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ဖြင့် မေးမြန်းသွားမှာလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်အခွန်ဘဏ္ဍာတိုးပွားလာဖို့အတွက် နယ်စပ်ဝင်ပေါက်ဂိတ်တစ်ဂိတ်ဖြစ်တဲ့ အတတ်နိုင်ဆုံး နှစ်နိုင်ငံအစိုးရနှင့်တွေ့ဆုံညှိနှိုင်းပြီး တရားဝင်ဖွင့်လှစ်ပေးစေချင်ပါတယ်။ ဒီလိုနယ်စပ်ဂိတ်တွေကို တရားဝင်ဖွင့်လှစ်ပေးမယ်ဆိုရင် တိုင်းပြည်အခွန်အခ မြောက်မြားစွာ ရရှိလာနိုင်မှာလည်းဖြစ်ပါတယ်။ ယခုဆိုရင် တိုင်းပြည်ကို အခွန်အခနှင့်ပဲ ဖွံ့ဖြိုးရေး

လုပ်ငန်းတွေဖြစ်တဲ့ လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုကိစ္စအဝဝ တွေကို အခွန်အခတွေနဲ့ပဲ ဆောင်ရွက်ပေးနေတာဟာ အားလုံးအသိပါပဲ။ ဒါကြောင့် တိုင်းပြည် အခွန်အခငွေတွေကို တစ်ဖက်တစ်လမ်းမှရရှိနိုင်ဖို့အတွက် နယ်စပ်ဝင်ပေါက်ဂိတ်တစ်ဂိတ်ဖြစ်တဲ့ မယ်စဲ့မြို့နယ်ရဲ့ BP–14 နယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးစေချင်ပါတယ်။ လောလောဆယ် မှာတော့ BP–13 နယ်စပ်ဂိတ်ကိုတော့ တရားဝင်ဖွင့်လှစ်ထားပေးပြီးပါပြီ။ ကျွန်တော်တို့မြန်မာနိုင်ငံ ဘက်အခြမ်းအနေနဲ့ BP–13 နယ်စပ်အထိ လမ်းအဆင့်မြှင့်ပြီး ကတ္တရာလမ်းတွေလည်း ခင်းပြီး ပါပြီ။ ထိုင်းနိုင်ငံဘက်အခြမ်းကတော့ နယ်စပ်ထိလမ်းခင်းဖို့ ကိုးကီလိုမီတာပဲ ကျန်ရှိပါတော့တယ်။ ဒါပေမဲ့ သစ်တောကြိုးဝိုင်းဖြစ်သည့်အတွက် အဲဒီကိုးကီလိုမီတာကျန်ရှိတဲ့လမ်းကို ခင်းလို့မရဘူး ဖြစ်နေပါတယ်။ လောလောဆယ်မှာတော့ တောလမ်းအတိုင်းသွားပြီး ကုန်သည်တွေအတွက် အထိုက်အလျောက်ကူးသန်းရောင်းဝယ်ရေးတွေ ပြုလုပ်နေကြပါတယ်။ ဒါပေမဲ့လည်း ခရီးမိုင်တိုင် အရပြောမယ်ဆိုရင် BP–13 နယ်စပ်ဂိတ်နှင့် နယ်စပ်မြို့နယ်နဲ့ဆိုရင် ၁၅ မိုင်လောက် ဝေးကွာ ပါတယ်။ ထိုင်းနိုင်ငံဘက်အခြမ်းကိုကြည့်မယ်ဆိုရင် ဘန်ကောက်မြို့ကနေ BP–13 နယ်စပ်ဂိတ် အထိဆိုရင် ၉၉၅ ကီလိုမီတာဝေးကွာပါတယ်။ ဒါကြောင့် တချို့ကုန်သည် ခရီးသွားပြည်သူတွေဟာ BP–14 နယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးဖို့ တောင်းဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ BP–14 နယ်စပ်ဂိတ်ဟာ မယ်စဲ့မြို့နှင့်ဆိုရင် ခုနစ်မိုင်လောက်ပဲ ဝေးကွာ ပါတယ်။ ထိုင်းနိုင်ငံဘက်နဲ့ဆိုရင် ဘန်ကောက်မြို့ကနေပြီး BP–14 နယ်စပ်ဂိတ်ဟာ ၈၀၀ ကီလို မီတာလောက်ပဲ ဝေးကွာပါတယ်။ ဒီနယ်စပ်ဝင်ပေါက်ဂိတ်နှစ်ဂိတ်ကို နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် ခရီးမိုင်တိုင်အားဖြင့် တိုတောင်းတာကိုလည်း တွေ့မြင်နေရပါတယ်။ တချို့ကုန်သည်ကြီး၊ ကုန်သည်ငယ်တွေ၊ ခရီးသွားပြည်သူတွေဟာ BP–14 နယ်စပ်ဂိတ်ကို ပိုပြီးစိတ်အားထက်သန် နေကြတာတွေကိုလည်း တွေ့မြင်ရပါတယ်။ ဘာကြောင့်လဲဆိုရင် BP–13 နယ်စပ်ဂိတ်ထက် ပိုမို နီးနေတာကတစ်ကြောင်း၊ ကုန်သွယ်ရေးသွားလာရာမှာလည်း ပိုပြီးအဆင်ပြေပြေသွားလာနိုင် တာကတစ်ကြောင်း၊ သွားရေးလာရေးမှာလည်း ပိုမိုနီးလို့လည်းဖြစ်ပါတယ်။ ထိုင်းနိုင်ငံဘက်က

လမ်းပိုင်းကတော့ BP-13 လမ်းဟာ ကုန်တင်သွားလာတဲ့အခိုက်မှာ ခရီးလမ်းကကြမ်းတမ်းတယ်။ တောင်တက်၊ တောင်ဆင်းတွေကလည်း အင်မတန်မတ်စောက်တဲ့အတွက် ကုန်ပစ္စည်းသယ်ယူရာမှာ လျော့နည်းပြီးသယ်ရတဲ့အတွက် ကုန်သည်တွေအတွက်လည်း သွားလာရေးအကိုက်ဘူး ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ BP-14 နယ်စပ်ဂိတ်ကို BP-13 နယ်စပ်ဂိတ်နည်းတူ တရားဝင်ဖွင့်လှစ်ပေးစေချင်ပါတယ်။ ထိုင်းနိုင်ငံနယ်စပ်နှစ်ဂိတ်လုံးကို တရားဝင်ဖွင့်လှစ်ပေးလိုက်မယ်ဆိုရင် နယ်စပ်ဒေသမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထုများရဲ့ စားဝတ်နေရေး၊ အလုပ်အကိုင် ဖန်တီးပေးရေး စသည့်အလုပ်အကိုင်ပေါင်းမြောက်မြားစွာတို့ကိုလည်း ဖန်တီးပေးလို့ရပါတယ်။ ယခုဆိုလျှင် ကျွန်တော်တို့ မယ်စဲ့မြို့နယ်မှာ အကောက်ခွန်ရုံးတွေ၊ နယ်စပ်ကုန်သွယ်ရေးစခန်းတွေ၊ ကောင်/စစ်/စီရုံးတွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားစိစစ်ရေးရုံးတွေလည်း ထားရှိပါပြီ။ BP-13 လမ်းကို တရားဝင်ဖွင့်လှစ်ခွင့်ရသလို BP-14 လမ်းကိုလည်း တရားဝင်ဖွင့်လှစ်ပေးပါလို့ ပြည်ထောင်စုအစိုးရကို ကျွန်တော်လေးစားစွာ တောင်းဆိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မယ်စဲ့မြို့နယ်ရှိ BP-14 နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ၊ ဆောင်ဟိန်ကျေးရွာဂိတ်တို့ကို တရားဝင်ဖွင့်လှစ်ခွင့်ရမယ်ဆိုရင် ခြောက်ညအိပ်ခုနစ်ရက်လည်ပတ်ခွင့်ကိုလည်း ပေးစေလိုပါတယ်။ ကျွန်တော်တို့ မယ်စဲ့မြို့နယ်၊ ဟိုစဲ့ကျေးရွာ BP-14 နယ်စပ်ဂိတ်တွေဟာ လုံခြုံမှုလည်းရှိပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်တွေ လာလည်မယ်ဆိုရင်လည်း ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ လည်ပတ်သွားလာလို့လည်းရပါတယ်။ နိုင်ငံခြားဧည့်သည်တွေ များပြားလာခြင်းအားဖြင့် ပြည်တွင်းအခွန်အခများစွာလည်းရရှိမှာလည်းဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံတွေမှာ တည်ရှိနေတဲ့ သူတို့ရဲ့မြို့၊ ရွာလေးတွေဟာ နိုင်ငံခြားတွေနဲ့ ခရီးသွားလုပ်ငန်းရရှိလာတဲ့အခွန်အခနဲ့ပဲ ရပ်တည်နေတာလည်း တွေ့မြင်ရပါတယ်။ ကျွန်တော်တို့ မယ်စဲ့မြို့နယ် BP-14 နယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ခွင့်ရမယ်ဆိုရင် မယ်စဲ့မြို့နယ်သာမက ဖားဆောင်းမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့နယ်နဲ့ ကယားပြည်နယ်ရဲ့မြို့တော်ဖြစ်တဲ့ လွိုင်ကော်မြို့ပါမကျန် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာလည်း

ဖြစ်ပါတယ်။ ကယားပြည်နယ်ဟာ ကုန်းတွင်းပိတ်ပြည်နယ်တစ်ခုလည်း ဖြစ်တယ်။ ကုန်းတွင်းပိတ်ပြည်နယ်ဖြစ်သည့်အတွက် စီးပွားရေးတိုးတက်ကောင်းမွန်လာနိုင်အောင် နယ်စပ်ဝင်ပေါက်ဂိတ်ဖြစ်တဲ့ BP-14 နယ်စပ်ဂိတ်ကိုလည်း ထပ်မံ၍တိုးချဲ့ဖွင့်လှစ်ပေးစေချင်ပါတယ်။ တစ်ဖက်မှာလည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဟာလည်း တွင်တွင်ကျယ်ကျယ်နဲ့ ဖြစ်မြောက်လာမှာလည်း ဖြစ်ပါတယ်။ ယခုဆိုရင် ကယားပြည်နယ်မှာ ဟိုတယ်နှင့်ခရီးသွားလာရေး မြောက်မြားစွာရှိလာပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေး တွင်တွင်ကျယ်ကျယ်ခွင့်ပြုပေးလိုက်မယ်ဆိုရင် တိုင်းပြည်နယ်အတွက် အခွန်အခသာမက ပြည်နယ်အတွက်အခွန်အခပါ ရရှိလာမှာဖြစ်တဲ့အတွက် နှစ်နိုင်ငံသွားလာခွင့်နှင့် ကုန်သွယ်ခွင့်ရရှိစေရန် မယ်စဲ့မြို့နယ် BP-14 ဟိုစဲ့နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ၊ ဆောင်ဟိန်ကျေးရွာနှင့် နယ်စပ်ဂိတ်တို့ကို ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးရခြင်းဖြစ်ပါတယ်။ အားလုံးပဲကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်အတွင်းမှာ ရှိပြီးတော့မှ မြန်မာ-ထိုင်းနယ်စပ်မှာတည်ရှိပါတယ်။ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ အပြည်ပြည်ဆိုင်ရာဝင်/ထွက်ပေါက်အဖြစ် တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း၊ ထီးခီး-ဖူနာရွန်နယ်စပ်ဂိတ်လေးဂိတ် လက်မှတ်ရေးထိုးဖွင့်လှစ်ထားပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့ ကယားပြည်နယ်၊ မယ်စဲ့မြို့မှာရှိတဲ့ BP-14 ဝင်/ထွက် ပေါက်ဟာ လက်မှတ်ထိုးထားတဲ့အထဲမှာ မပါရှိပါဘူး။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကယားပြည်နယ် နှင့်ဆက်စပ်လျက်တည်ရှိတဲ့ နယ်နိမိတ်တွင် တရားဝင်နယ်စပ်ဂိတ်ဖွင့်လှစ်ထားရှိခြင်း မရှိသေးပါဘူး။ သို့ရာတွင် ကယားပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူများနှင့် ထိုင်းနိုင်ငံဘက်သို့ ကူးသန်းသွားလာနိုင်ရေးအတွက် ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ် နယ်နိမိတ်မှတ်တိုင်အမှတ် BP-13 နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင်ရှိ ဟွေ့တန္တန်နယ်စပ်ဝင်/ထွက်ပေါက်ကို မြန်မာ-ထိုင်းနှစ်နိုင်ငံ ဒေသအာဏာပိုင်များရဲ့အစီအစဉ်အရ ဖြတ်သန်းခွင့်ပြုလျက်ရှိပါတယ်။

အဆိုပါ နယ်နိမိတ်မှတ်တိုင် BP-13 မှာ မယ်စဲ့-မယ်ဟောင်ဆောင်နယ်စပ်ဂိတ်ကို တရားဝင် ဖွင့်လှစ်နိုင်ဖို့ ကယားပြည်နယ်အစိုးရအဖွဲ့က တင်ပြလာတဲ့အတွက် နိုင်ငံတော်အဆင့်အနေနဲ့ သံတမန်လမ်းကြောင်းမှ ညှိနှိုင်းဆောင်ရွက်သွားဖို့ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီမှ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ထိုင်းနိုင်ငံနှင့် တရားဝင်ဂိတ်ဖွင့်လှစ်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်ဆဲပဲဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ နယ်စပ်ကုန်သွယ်ရေးစခန်းများကို ဖွင့်လှစ်မယ်ဆိုရင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းအစီအစဉ်နှင့် ဘဏ်လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းသဘောတူညီမှုနှင့် အခြေခံအဆောက်အဦများ ထူထောင်ပေးနိုင်မှုရှိခြင်း၊ ဒေသတွင်း စားသုံးမှုဖူလုံတဲ့အပြင် ပိုလျှံမှုရှိပြီးတော့မှ ပြည်တွင်းပြည်ပဈေးကွက်များသို့ရောင်းချနိုင်မယ့် ကုန်စည်များရှိခြင်းနှင့် ဈေးကွက်ဖွံ့ဖြိုးမှုရှိခြင်း၊ အခြားပြည်နယ်/တိုင်းဒေသကြီးများနှင့်လည်း ချိတ်ဆက်ပြီးတော့မှ ကုန်စည်များကို တရားဝင်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ပြီး တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံကုန်သွယ်ရောင်းချမှုပြုနိုင်တဲ့ အခြေအနေရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်မည့် နယ်စပ်ဒေသတွင် နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စ ရှင်းလင်းပြီးဖြစ်ကြောင်း

သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုရှိ/မရှိကို ဦးစားပေးသုံးသပ်ပြီးမှသာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီးတော့မှ ဖွင့်လှစ်နေခြင်းပဲဖြစ်ပါတယ်။

ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်စဲ့မြို့အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ မိုင်တိုင်အမှတ်၊ (၃၄/၁) အနီးမှာ နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၁၅ ခုနှစ်ကပင် တရားဝင်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ထားသည့်နေရာမှာ BP–13 မှ ၁၅ မိုင်၊ BP–14 မှ ၇ မိုင်ခန့်ကွာဝေးပြီးတော့မှ လမ်းကြောင်းနှစ်ခုစလုံးကို ထိန်းချုပ်နိုင်မယ့်နေရာမှာ ဖွင့်လှစ်ထားခြင်းဖြစ်၍ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်တွင် မြို့နယ်များစွာရှိသည့်အနက် ကုန်သွယ်ရေးပြုလုပ်ရန်အကောင်းဆုံးဖြစ်တဲ့ မယ်စဲ့မြို့နယ်ခွဲတွင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီးတော့မှ တစ်ဖက်နိုင်ငံအတွင်းကူးသန်းသွားလာ၍ လမ်းကြောင်းပိုမိုကောင်းမွန်သည့် BP–13 မှတစ်ဆင့် လူဝင်/လူထွက်နှင့်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နီးကပ်စွာတည်ရှိနေတဲ့ BP–14 တွင် သီးခြားနယ်စပ်ဂိတ်နှင့် ကုန်သွယ်မှုလုပ်ငန်းများကို ထပ်မံဖွင့်လှစ်ဆောင်ရွက်ရန်မရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပေးပို့လာပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့ကလည်း ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲ့မြို့နယ်၌ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ပြီးတော့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင်နှင့် နှစ်နိုင်ငံကူးလူးဆက်ခံနိုင်ရေးအတွက် နယ်စပ်စစ်ဆေးရေးဂိတ်များဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မြန်မာ–ထိုင်းနယ်စပ် BP–13 တစ်မိုင်ခန့်အား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနမှဦးဆောင်၍ နယ်နိမိတ်တိုင်းတာသတ်မှတ်ပေးနိုင်ရေး (၃၃)ကြိမ်မြောက်နယ်ခြားကော်မတီအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးပေးနိုင်ရန် တင်ပြထားသော်လည်း ယနေ့အထိ ထူးခြားမှုမရှိသေးပါသဖြင့် BP–14 နယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ရေးမှာလည်း လတ်တလော

အနေနဲ့ အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**တိုက်နယ်ဆေးရုံများတွင် သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာဌာန တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ဆရာဝန်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးရှိ ၇၀ ရာခိုင်နှုန်းခန့်သော ပြည်သူပြည်သားများဟာ ကျေးလက်တောရွာဒေသများမှာ နေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ ရှေးခတ်အဆက်ဆက်မှ ယနေ့ကာလအထိ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားပြီး ခက်ခဲပင်ပန်းကြီးစွာ အသက်မွေးဝမ်း ကျောင်းလုပ်ကိုင်နေထိုင်ကြရသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လျှပ်စစ်မီး အပြည့် အစုံမရရှိခြင်း၊ ပညာရေး၊ ကျန်းမာရေးနိမ့်ကျခြင်းကြောင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာ နောက်ကျကျန်ရစ်ခဲ့တာ ယနေ့မျက်မှောက်ကာလအထိ ဖြစ်ပါတယ်။ အထူးသဖြင့် နယ်စပ် တိုင်းရင်းသားဒေသနေ ပြည်သူများရဲ့နေထိုင်မှုဘဝကိုကြည့်ရင် ပိုမိုသိသာထင်ရှားစွာ တွေ့မြင်နေ ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအဆက်ဆက်များအနေနဲ့ ကျေးလက်နေပြည်သူများအတွက် လက်လှမ်းမီသော နိုင်ငံအနှံ့ဒေသများမှာ တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ယခုနှစ်ကာလအထိ တိုက်နယ်ဆေးရုံ ၇၄၄ ရုံရှိကြောင်း အချက်အလက်အရ သိရှိရပါတယ်။ တိုက်နယ်ဆေးရုံရှိခြင်းကြောင့် ကျေးလက်နေပြည်သူများအတွက် စရိတ်စကနည်းနည်းနဲ့ ကျန်းမာရေး ကုသစောင့်ရှောက်မှုများစွာ အဆင်ပြေလျက်ရှိတာ တွေ့ရှိရပါတယ်။ အခါအားလျော်စွာ တိုက်နယ် ဆရာဝန်နှင့် ဝန်ထမ်းများက ပတ်ဝန်းကျင်ကျေးရွာများသို့ ကွင်းဆင်းကုသပေးခြင်း၊ ပညာပေးခြင်း များကလည်း ကျေးလက်နေပြည်သူများအတွက် အကျိုးကျေးဇူးများပြားလှပါတယ်။ သွားနှင့် ခံတွင်းကျန်းမာရေးဟာ လူ့ခန္ဓာကိုယ်တစ်ခုလုံးအတွက် အလွန်အင်မတန်အရေးကြီးကြောင်း သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ အသိပညာများ သိရှိရပါတယ်။ သွားနှင့်ခံတွင်းမကောင်းပါက ၎င်းမှအစပြုပြီး ခန္ဓာကိုယ်အခြားအစိတ်အပိုင်းများ ဥပမာ– နှလုံးနှင့်သက်ဆိုင်သော ရောဂါများ၊ ဆီးချိုရောဂါများတွင် ဘေးဥပါဒ်ဖြစ်စေပြီးတော့ စောလျင်စွာကုသမှုမခံယူပါက လူ့သက်တမ်းစေ့ နေထိုင်ဖို့စိန်ခေါ်မှုဖြစ်စေကြောင်း သိရှိရပါတယ်။ ကျေးလက်ဒေသများတွင် အထွေထွေကျန်းမာရေး ဆိုင်ရာကွင်းဆင်းကုခြင်း၊ ပညာပေးခြင်းများ မကြာခဏကွင်းဆင်းဆောင်ရွက်ပေးတာ တွေ့ရ ပေမယ့် သွားနှင့်ခံတွင်းဆိုင်ရာကုသပညာပေးမှုအနေနဲ့ နည်းပါးလှတာတွေ့ရပါတယ်။ သွားနှင့် ခံတွင်း ကျန်းမာရေးဆိုင်ရာဗဟုသုတနည်းပါးခြင်းကြောင့် မိမိမဲဆန္ဒနယ်ထဲမှာ ကျေးလက်နေ ပြည်သူအများစု အသက် ၅၀ ကျော်များကိုကြည့်ရင် သွားများပျက်စီးနေကြတာ များစွာတွေ့ရှိရပါ တယ်။ အခြားမြို့နယ်များတွင်လည်း တွေ့ရှိနေရပါတယ်။ သွားရောဂါဖြစ်လာရင်လည်း မိရိုးဖလာ သစ်မြစ်၊ သစ်ခေါက်တိုင်းရင်းဆေးများနှင့်သာ လက်တလောသက်သာစေသောနည်းဖြင့် ကုသမှုကို ခံယူနေကြရတာ တွေ့ရှိရပါတယ်။

သွားနှင့်ခံတွင်းကျန်းမာရေးနှင့် ကုသရေးဌာနများသည် မြို့ကြီးပြကြီးများနှင့် မြို့နယ်ဆေးရုံ များတွင်သာရှိသည့်အတွက် ဝေးလံသောကျေးလက်နေပြည်သူများအနေနဲ့ ကုသမှုခံယူရာတွင် စရိတ်စကအကုန်အကျကြီးမားပြီး စီးပွားရေးနိမ့်ကျသောပြည်သူများအတွက် အခက်အခဲ ဖြစ်နေ ပါသဖြင့် ၎င်းတို့နှင့်အနီးစပ်ဆုံးရှိပြီး မှီခိုအားထားသော တိုက်နယ်ဆေးရုံများတွင် သွားနှင့်ခံတွင်း

ကျန်းမာရေးဌာနနှင့် သွားဘက်ဆိုင်ရာဆရာဝန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသလို ကျေးလက်နေမဲဆန္ဒရှင်ပြည်သူများကလည်း တင်ပြတောင်းဆိုပေးဖို့ ပြောကြားလာပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူအများစု အဓိကအားထားမှီခို လက်လှမ်းမီသော တိုက်နယ်ဆေးရုံများတွင် သွားနှင့်ခံတွင်းကုသရေးဌာနနှင့် သွားဘက်ဆိုင်ရာဆရာဝန်များ တိုးချဲ့ဖွင့်လှစ်ခန့်ထားပေးမည့်အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည့် အစီအမံကို သိရှိလိုပါသဖြင့် ကျေးလက်နေမဲဆန္ဒရှင်ပြည်သူအများစုကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ ကျေးလက်နေစီးပွားရေးပြေလည်မှုအားနည်းတဲ့ ပြည်သူအများစု၏ အနီးဆုံးအဓိက မှီခိုအားထားရာ လက်လှမ်းမီသော တိုက်နယ်ဆေးရုံများတွင် သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာနှင့် ဆရာဝန်တိုးချဲ့ ဖွင့်လှစ်ခန့်ထားပေး/မပေးဆိုတဲ့ အစီအစဉ်နှင့်ပတ်သက်ပြီး ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သွားနှင့်ခံတွင်းဟာ အရေးကြီးမှန်းသိပါတယ်။ ဒီသွားနှင့်ခံတွင်းဟာနေရာအားဖြင့် မျက်နှာရဲ့တစ်နေရာတည်းမှာရှိသော်ငြားလည်း အလွန်အရေးကြီးတယ်ဆိုတာသိပါတယ်။ ဥပမာဆိုရင် ခံတွင်းကျန်းမာမှ လူ့ခန္ဓာကျန်းမာပြီး (No Health၊ Without Health၊ Oral Health)ဆိုတာ သိရှိပါတယ်။ သို့ရာတွင် သွားနှင့်ခံတွင်းမကောင်းလို့ရှိရင် ခုနကပြောတဲ့ ကျောက်ကပ်တို့၊ သွားမကောင်းလို့ရှိရင် ဒီက Inflammation

ကနေပြီးတော့ လည်ချောင်းနာမယ်။ လည်ချောင်းနာလို့ရှိရင် နောက်ဆုံးနှလုံးရောဂါအထိ ဖြစ်နိုင်ပါတယ်။ နှလုံးမှာရှိတဲ့ အဆိုရှင်တွေက ထိခိုက်ပြီးတော့ အပေါ်အခန်းနှင့်အောက်ခန်းသွေးလျှောက်မှုကို ပြဿနာဖြစ်ပါတယ်။ ထို့ပြင် ဒီကျောက်ကပ်ကိုလည်း သွားထိတယ်။ နောက်ပြီးတော့ Joint တွေလည်းသွားထိပါတယ်။ ထို့ပြင် ဒီသွေးကြောကျဉ်းတဲ့ဟာတွေအထိ ရောက်နိုင်တဲ့အပြင် အဆုတ်ရောဂါလည်းဖြစ်နိုင်ပါတယ်။ အဲဒါတွေအကုန်လုံးက သိပ္ပံနည်းအရ တွေ့ရှိထားခြင်းဖြစ်ပါတယ်။ ထို့အပြင် အထူးသဖြင့် အရေးကြီးတာကတော့ ကိုယ်ဝန်ဆောင်မိခင်(Pregnant) တွေမှာဆိုရင် အချိန်မပြည့်တဲ့ကလေးတွေ(low Birth) နောက်အသေမွေးမယ်(Stillbirth)ရှိမယ်။ သားလျှောမယ်(Abortion)တွေဖြစ်မယ်။ ကိုယ်ဝန်ဆောင်အဆိပ်တက်မယ် (Eclampsial) ဖြစ်မယ်။ ဒါတွေအားလုံးလည်း ကျွန်တော်တို့သိပါတယ်။ သိတဲ့အတွက်လည်း ကျွန်တော်တို့က သေသေချာချာလုပ်နေပါတယ်။ ဥပမာ ၂၀၁၆ ခုနှစ် တစ်ကမ္ဘာလုံးမှာရှိတဲ့ ရောဂါတွေက ဘယ်လောက်ဖြစ်လဲလို့ကြည့်တဲ့အခါမှာ သွားခံတွင်းနှင့်ပတ်သက်တဲ့ သွားပိုးစားရောဂါ (Dental Caries)ဟာ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက် ၃.၅၈ ဘီလီယံမှာဖြစ်နေတာကို တွေ့ရပါတယ်။ ဒါငယ်သွားမှ ပိုးစားတာမပါသေးဘူး။ ငယ်သွားကနေထွက်ပြီးတော့ permanent Teeth မှာဖြစ်တာ။ အဲဒါတော့ ဒီသွားနှင့်ခံတွင်းရဲ့ရောဂါအတိမ်အနက် ဘယ်လောက်များသလဲဆိုတာကို ကျွန်တော်သိပါတယ်။ သွားကိုက်ရောဂါခံစားဖူးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှိပါတယ်။ ဘယ်လောက်ထိခံခဲ့သလဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း ငယ်ငယ်တုန်းက ခဏခဏ သွားကိုက်ခံခဲ့ရပါတယ်။ ဒါကျွန်တော်အသိဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြန်လည်ကြည့်တဲ့အခါမှာ မြန်မာပြည်တစ်ပြည်လုံးမှာ တိုက်နယ် ဆေးရုံပေါင်း ၇၉၁ ရုံရှိပါတယ်။ ဒီ ၇၉၁ ရုံထဲက တိုက်နယ်ဆေးရုံ ၄၀ မှာကတော့ သူကခုတင် (၅၀)ဆံ့နှစ်ရုံ၊ ၂၅ ခုတင်ဆံ့ ၃၈ ရုံ စုစုပေါင်း (၁၆) ခုတင်ထက်ကြီးတဲ့ တိုက်နယ်ဆေးရုံက ၄၀ ရှိပါတယ်။ အဲဒီ ၄၀ မှာကတော့ သွားနှင့်ခံတွင်းဆရာဝန်ရှိပါတယ်။ သို့သော် (၁၆) ခုတင်က တိုက်နယ် ဆရာဝန်က တိုက်နယ်ဆေးရုံမှာ ၇၅၁ ရုံမှာတော့ ကျွန်တော်တို့ မထားနိုင်သေးပါဘူး။

မထားနိုင် သေးဘူးဆိုတာကလည်း ကျွန်တော်ရှင်းပြပါမယ်။ ဘာကြောင့်မထားနိုင်သေးလဲဆိုတာ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီတစ်ခုကို Dental Chair နှင့် သွားဆရာဝန်တစ်ယောက် တိုက်နယ် ဆေးရုံမှာထားမယ်ဆိုရင် အနည်းဆုံး ၇၃ သိန်းကနေပြီးတော့ ၂၇၅ သိန်းကုန်မှာ ဖြစ်ပါတယ်။ Dental Chair က Air Compressor ယူနစ်သည် ၃၅ သိန်းကနေ သိန်း ၂၀၀ အထိရှိပါတယ်။ သူ့လက်မှာလုပ်တဲ့ Hand Instrument က အနည်းဆုံး ခုနစ်သိန်းကနေ ၁၅ သိန်းထိရှိပါတယ်။ ထိုဆေးနှင့်အခြား Dental Material တွေက တစ်လစာကို တစ်သိန်းနှင့်ငါးသိန်း တန်ဖိုးရှိပါတယ်။ Air Condition တစ်ခုလိုပါတယ်။ ငါးသိန်းပါ။ နောက် Dental Chair ကိုပြုပြင် ထိန်းသိမ်းစရိတ်က ငါးသိန်းလိုပါတယ်။ Portable dental X ray အနည်းဆုံး ခုနစ်သိန်းက ၁၅ သိန်းလိုပါတယ်။ နောက် Auto Clave လိုပါတယ်။ မရှိမဖြစ်ပါ။ အနည်းဆုံး ရှစ်သိန်းကနေ ၁၅ သိန်းလိုပါတယ်။ ရေသန့်စက် လိုပါတယ်။ အနည်းဆုံးလေးသိန်းကနေ သိန်း ၂၀ လိုပါတယ်။ Ultraviolet Light Box က အနည်းဆုံးတစ်သိန်းကနေ ငါးသိန်းလိုပါတယ်။ ဆိုလိုတာက အနည်းဆုံး ၇၃ သိန်းကနေ ၂၇၅ သိန်း အထိ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့မှာလက်ရှိ ကုသရေးဦးစီးဌာနမှ တာဝန်ထမ်းဆောင်နေတဲ့ Dental ဆရာဝန်က ၅၃၂ ဦးရှိပါတယ်။ လစ်လပ်တဲ့ဦးရေက ၁၆၅ ဦးရှိပါတယ်။ အခု ဒီနှစ်မှာတော့ ကျွန်တော်တို့ ဆက်လက် ခေါ်ဖို့စီစဉ်နေပါတယ်။ ငွေလည်းရှိဖို့များပါတယ်။ အဲဒါပြန်ခေါ်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ လောလောဆယ်ဆယ် စုစုပေါင်းကုသရေးဦးစီးဌာနရော၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရော နှစ်ခုပေါင်းလို့ရှိရင် သွားနှင့်ခံတွင်းဆရာဝန် ၈၂၂ ဦး ရှိပါတယ်။ ကျွန်တော်ဒီအစိုးရ လက်ထပ်အသစ် 1st April 2016 ကနေပြီးတော့ အခုထိခန့်ထားတာက စုစုပေါင်း ၅၄၅ ဦးခန့်ထားခဲ့ ပါတယ်။ ကုသရေးဦးစီးဌာနမှာ ၁၇၄ ယောက်ခန့်ခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၃၇၁ ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကိုပြည်ကြည့်တဲ့အခါမှာ မြို့နယ်အဆင့်မှာတော့ သုံးဦးရှိပါတယ်။ ကုသရေးဦးစီးဌာနအောက်မှာရှိတဲ့ သွားနှင့်ခံတွင်း ဆရာဝန်တစ်ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှာနှစ်ဦးဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက နှစ်ဦးသည်အလှည့်ကျ ကွင်းဆင်းဖို့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီကွင်းဆင်းတဲ့အခါမှာ ကျွန်တော်တို့ ဘာလုပ်မလဲဆိုတော့ အခြေခံကျန်းမာအခြေခံကျတဲ့သွားနှင့်ခံတွင်း ဝန်ဆောင်မှုတွေကို ကျွန်တော်တို့ ပြည်သူများကိုလုပ်မယ်ဆိုရင် ပြည်သူများသည်သွားနှင့်ပတ်သက်တဲ့ ရောဂါတွေကို ကြိုတင်ကြည့်မယ်။ မဖြစ်အောင်ကာကွယ်မယ်ဆိုလို့ရှိရင် တိုက်နယ်ဆေးရုံအဆင့်မှာရှိတဲ့ ပြည်သူများဟာ သွားနှင့်ခံတွင်းရောဂါဖြစ်ဖို့က အလားအလာအလွန်နည်းသွားပါတယ်။ ဒီ အခုအချိန်ကစပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အခါကျတော့ ကျွန်တော်တို့အစီအစဉ်လည်းရှိတယ်။ နောက်အမြန်ဆုံးနှင့် အားထည့်ပြီးဆောင်ရွက်လို့ရှိရင် Primary Oral Health Care ထဲက ကျွန်တော်တို့ Univeral Health Coverage နဲ့ Primary Health Care ရဲ့ မူဝါဒများနှင့်ညီတဲ့အတွက် ဒါကိုအမြန်ဆုံး ကျွန်တော်တို့ လုပ်မယ်ဆိုတာကို တင်ပြလိုပါတယ်။ အဲဒီတော့ ဆိုလိုတာကတော့ လောလောဆယ်ဆယ်ကတော့ (၁၆) ခုတင်တိုက်နယ်ဆေးရုံများမှာတော့ သွားနှင့်ခံတွင်းဆရာဝန်ခန့်ဖို့ အလားအလာမရှိသေးပါကြောင်းကို လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံတွင် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားဆရာဝန်ကြီးများနှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအထူးကုဆရာဝန်ကြီးအချို့ဟာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့်နိုင်ငံခြားတိုင်းပြည်များသို့သွားရောက်လုပ်ကိုင်နေထိုင်ခဲ့ကြရပါတယ်။ ဦးနှောက်ယိုစီးခြင်း(Brain Drain)ဖြစ်ခဲ့ရပြီး တိုင်းပြည်အတွက်နစ်နာခဲ့ရပါတယ်။ ထို့နောက်ပိုင်းမှာ ပြည်သူလူထု ရွေးကောက်တင်မြှောက်တဲ့အစိုးရများ၊ လွှတ်တော်များပေါ်ပေါက်လာပြီး တိုင်းရင်းသား အထူးကုဆရာဝန်ကြီး

တချို့သည် နိုင်ငံတကာမှ နှစ်ပေါင်းများစွာ မိမိတို့ရရှိခဲ့သည့် တန်ဖိုးကြီးလှစွာသောအတွေ့အကြုံ၊ ပညာရပ်များကို မျှဝေအသုံးချ၍ အမိမြန်မာနိုင်ငံရှိဆရာဝန်များနဲ့ ပြည်သူများအကျိုးငှာ အမိနိုင်ငံတွင် အမြဲပြန်လည်နေထိုင်ရန် ပြန်လည်ရောက်ရှိလုပ်ကိုင်ခဲ့ကြပါတယ်။ ၎င်းတို့ဟာ PR– Permanent Resident ခေါ် နိုင်ငံတွင်းအမြဲနေထိုင်ခွင့်လျှောက်ထားရရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ထိုင်း၊ စင်ကာပူ စသော အာဆီယံနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျ အစရှိသောနိုင်ငံများတွင် PR ရရှိပြီးသူများသည် ရွေးကောက်ပွဲများတွင် ဝင်ရောက်အရွေးခံခွင့်နှင့် မဲပေးပိုင်ခွင့်များမှလွဲ၍ ကျန်ရှိသောနိုင်ငံသားအခွင့်အရေးများ အပြည့်အဝ တစ်ပြေးညီရရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံမှာ PR ရရှိပြီးဖြစ်သူ မူလမြန်မာနိုင်ငံဖွားအထူးကု ဆရာဝန်ကြီးများနှင့်ပတ်သက်၍ လိုင်စင်ကြေးအပြင် အခြားသတ်မှတ်ထားသော အခြားကြေးငွေ များပေးသွင်းရသည့်အပြင် ကုသခွင့်ရှိသောဆေးပညာအမျိုးအစား၊ နေရာ၊ ဒေသနှင့် အချိန်ကာလ များကို သီးခြားသတ်မှတ်ကန့်သတ်ချုပ်ချယ်မှုအမျိုးမျိုးရှိနေသဖြင့် နိုင်ငံပြည်သူများနှင့် ဆေးပညာ ရှင်ဆရာဝန်များအတွက် အကျိုးပြုထမ်းဆောင် တန်ဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံ၊ ပညာရပ်များ မျှဝေပေးလိုသော အထူးကုဆရာဝန်ကြီးများအတွက် အခက်အခဲများကြုံတွေ့နေရသည့်အပြင် နောက်ထပ် ပြည်တော်ပြန်ဝင်လိုကြသော မြန်မာပြည်ဖွားတိုင်းရင်းသားဆရာဝန်ကြီးများအတွက် လည်း အဟန့်အတားဖြစ်နေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ Permanent Resident ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားတိုင်းရင်းသားအထူးကုဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

မူကြမ်း

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။

လေစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်သင့်သလောက်တော့ မှန်ပါတယ်ခင်ဗျား။ အဲဒီတော့ မြန်မာနိုင်ငံမှာ P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့်ပတ်သက်ပြီး ကန့်သတ်ချုပ်ခြယ်မှုများကို တခြားနိုင်ငံများကဲ့သို့ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကိုလာတာ နှစ်မျိုးရှိပါတယ်။ တစ်ခုကတော့ အခြားနိုင်ငံသားဖြစ်နေတဲ့ American Citizen၊ UK Citizen လာတဲ့ဆရာဝန်တွေ Group ရှိပါတယ်။ နောက်တစ်ခုကတော့ မြန်မာပြည်သား သို့မဟုတ် American Citizen ဖြစ်တဲ့သူတွေ လာပါတယ်။ သူတို့လာတဲ့အခါမှာတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့လုပ်ငန်းတွေကို ကုသပြီးတော့ခွဲစိတ်ပေးမယ်။ ကုသပေးမယ်။ သင်တန်းပေးမယ်ဆိုရင် ငွေကြေးအားဖြင့် လုံးဝမယူပါဘူး။ Free of Charge ပေးပါတယ်။ သို့သော် သူတို့လာတဲ့အခါမှာ ပုဂ္ဂလိကဆေးရုံထဲမှာ တစ်လလာမယ်။ နှစ်လလာမယ်။ သုံးလလာမယ်ဆိုရင်တော့ ပိုက်ဆံယူတာကို တွေ့ရပါတယ်။ နည်းနည်းပါးပါးယူတာကတော့ အကြောင်းရှိပါတယ်။ လာတဲ့ဆရာဝန်တိုင်းအားလုံးကတော့ ဟိုမှာအရည်အချင်းရှိလား/မရှိလား ကျွန်တော်တို့မသိပါဘူး။ အရည်အချင်းရှိ/မရှိ Good Standing Certificate ကအစ အကုန်လုံးကြည့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဆေးကောင်စီဥပဒေမှာ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)မှာဆိုလို့ရှိရင် အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်းမှီတင်းနေထိုင်သူအားလုံးခံစားခွင့်ရရှိရန်၊ ဆရာဝန်များ၏ ဆေးပညာဗဟုသုတ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့်အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊ ဆေးပညာကိုခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်ရန် အစရှိသည်တို့ဖြစ်ပါတယ်။ ဒီပေါ်မှာမူတည်ပြီး ကျွန်တော်တို့က သူတို့ကိုစစ်ရပါတယ်။ သူတို့မှာအရည်အချင်းရှိလား။ Calibre၊ quality ရှိလား။ Good Standing Certificate ဒါကိုကြည့်ရပါတယ်။ သို့သော် ကျွန်တော်ပြန်ကြည့်လိုက်တဲ့အခါမှာတော့ လွှတ်တော်

ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ ကျွန်တော်တို့က နိုင်ငံခြားသားဆရာဝန် American Citizen၊ UK Citizen တို့လိုမျိုးဆိုလို့ရှိရင် တစ်လကိုခြောက်သိန်းယူပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော် ဆေးကောင်စီဥက္ကဋ္ဌနဲ့လည်း ဆွေးနွေးပြီးပါပြီ။ ဒါကို ကျွန်တော်တို့က လုံးဝလျှော့ပါမယ်။ ဘာကြောင့်လဲ။ ဆေးကောင်စီသည် ဝင်ငွေရှာတဲ့ကောင်စီ မဟုတ်ပါဘူး။ ဆရာဝန်တွေရဲ့ စည်းကမ်း၊ ကျင့်ဝတ်နဲ့ အားလုံးကို ထိန်းသိမ်းတဲ့ကောင်စီဖြစ်တဲ့အတွက် ဝင်ငွေရှာစရာမလိုပါဘူး။ အဲဒီတော့ ဒီခြောက်သိန်းကိုလည်း ဒီမှာတော့ အတိအကျပြောလို့မရဘူး။ ကျွန်တော်တို့ အများကြီးလျှော့ဖို့စဉ်းစား ထားပြီးပါပြီ။ ထို့အပြင် နိုင်ငံခြားသားအဖြစ်ခံယူထားသော မြန်မာပြည်ကိုပြန်လာတဲ့ အထူးကု ဆရာဝန်တွေကို တစ်လကို သုံးသိန်းယူပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လျှော့ဖို့ဆွေးနွေးပြီးပါပြီ။ ဒါကိုလည်း အမြန်ဆုံးလျှော့တဲ့အပြင် အခုယူထားတာ ဘယ်လိုဖြစ်နေလဲဆိုတော့လာတာနဲ့ သုံးလစာ ယူလိုက်တယ်။ ဆရာဝန်တစ်ဦးသည် နှစ်ပတ်နဲ့ပြန်သွားရင်လည်း သုံးလစာပေးလိုက်ရတယ်။ တစ်ရက်နဲ့လာပြီးပြန်သွားရင် သုံးလစာပေးလိုက်ရတယ်။ ဒါကတော့ တကယ့်တကယ်ကတော့ သိပ်ပြီးတော့မကောင်းဘူး။ အဲဒီတော့ ဆိုလိုတာက ကျွန်တော်တို့က လချင်းယူမယ်။ တစ်လလာရင် တစ်လခယူမယ်။ အနည်းဆုံးတော့ တစ်လစာလောက်တော့ယူမယ်။ အပတ်နဲ့တော့ မယူပါဘူး။ လနဲ့ပဲ ယူပါမယ်။ တစ်လစာဆိုရင် တစ်လပေးရမယ်။ နှစ်လလာရင်နှစ်လ၊ သုံးလလာရင်သုံးလ။ အဲဒီဟာကို ကျွန်တော်တို့ ဆွေးနွေးထားပါတယ်။ ဒါကို ကျွန်တော်တို့ အဖြစ်နိုင်ဆုံး လုပ်ဖို့ရှိပါတယ်။ ဒါမှ မဟုတ်ရင် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် ကျွန်တော့်ကိုလူကြီးကလည်း ပြောထားပါတယ်။ နိုင်ငံခြားမှာရောက်နေတဲ့ မြန်မာဆရာဝန် (Diaspora group of ဆရာဝန်) တွေကို လာအောင်ဆွဲဆောင်ပါ။ ပြုလုပ်ပါ။

လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပါပဲ လာလို့ရှိရင် ကျွန်တော်တို့က နိုင်ငံခြားမှာ ဖြစ်ပေါ်နေတဲ့ ဒီနောက်ဆုံးပေါ် Technique တွေ၊ ကုသထုံးတွေ ကျွန်တော်တို့သိမယ်။ နောက် ကျွန်တော်တို့ သင်တန်းတက်နေတဲ့ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေကို သင်ပေးနိုင်မယ်။ Workshop တွေလုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက်က အများကြီးရှိပါတယ်။ ဒါမှသာလျှင်

ကျွန်တော်တို့ ကမ္ဘာကြီးထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကို ကျွန်တော်တို့ အားလုံးသိမှာ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့ကိုလာချင်အောင် ဆွဲဆောင်ဖို့တာဝန်ကတော့ ကျွန်တော်တို့ တာဝန်ပဲဖြစ်ပါတယ်။ ဒါဟာ ဒီကိစ္စကိုတော့ အဖြစ်နိုင်ဆုံးလုပ်ဖို့ဆုံးဖြတ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် အမေရိကန်နိုင်ငံသွားတဲ့အခါမှာ နယူးယောက်၊ ဘယ်လ်တီမော၊ အယ်လ်အေမှာရှိတဲ့ ဆရာဝန်အဖွဲ့ သုံးဖွဲ့ရှိပါတယ်။ အကြီးကြီးတွေ။ အဲဒီအဖွဲ့သုံးဖွဲ့ကလည်း ဒါကိုပဲ Complaint လုပ်ပါတယ်။ ဒါကတော့ သိပ်များပါတယ်ဆရာတဲ့။ အဲဒါကို နည်းနည် လျှော့ပေးပါ။ သုံးလလာရင်လည်း၊ တစ်လ၊ နှစ်ရက်၊ တစ်ပတ်လာလို့ရှိရင်လည်း သုံးလစာပေးရတယ်။ ဒီကိစ္စကတော့ တကယ့်တကယ်ကတော့ မယူသင့်ဘူးပေါ့လေ။ အဲဒီတော့ ကျွန်တော် အဲဒါကို သေသေချာချာလုပ်ပေးမယ်ဖြစ်ကြောင်း လေးစားစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းအား ကျွန်တော်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က မေးမြန်းတဲ့မေးခွန်းဟာ နိုင်ငံတော်အတွက် အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းနဲ့ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**လင်းခေးမြို့နယ်တွင် သင့်လျော်သောမြေနေရာ၌ အဆင့်မီ မိုးလုံလေလုံအားကစားရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ **လင်းခေး**မဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းဘသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အားကစားကဏ္ဍဆိုင်ရာအခြေခံ အဆောက်အအုံအဆင့်မြှင့်တင်ရေးနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့ဟာ မြို့နယ်လေးခုပါဝင်တဲ့ လင်းခေး ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ပြီးတော့ ခရိုင်အားကစားနဲ့ ကာယပညာဦးစီးမှူးရုံးနဲ့မြို့နယ်အဆင့်ရုံးများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ သင့်တင့်တဲ့ဘောလုံးကွင်းရှိပေမဲ့လည်း ဘောလီဘော၊ ဘတ်စကတ် ဘော၊ ကြက်တောင်နှင့် အခြားအားကစားလုပ်ငန်းယှဉ်ပြိုင်ပွဲ၊ လေ့ကျင့်ပွဲများ အချိန်မရွေး၊ ရာသီမရွေးကစားနိုင်တဲ့မိုးလုံလေလုံအားကစားရုံမရှိသေးပါ။ ဘောလီဘောနဲ့ ဘတ်စကတ်ဘောကို ရုံပြင်မှာကစားနိုင်တယ်ဆိုပေမဲ့ ဥပမာအားဖြင့် ကြက်တောင်ရိုက်ပြိုင်ပွဲတို့ကိုတော့ ရုံတွင်းမှာပဲ အဆင်ပြေမှာဖြစ်ပါတယ်။ လက်ရှိမှာ လင်းခေးမြို့နယ်မှာပြုလုပ်တဲ့ ကြက်တောင်ပြိုင်ပွဲတွေကို ကျွန်တော်တို့လင်းခေးမြို့နယ်ခန်းမ(နော်ရဝတီခန်းမ)မှာ ကျင်းပကစားနေရတဲ့အတွက် အဆင်မပြေမှု ပေါင်းများစွာနဲ့ကြုံတွေ့နေရပါတယ်။ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည်နှင့်အညီ ခရိုင်နှင့်မြို့နယ် လက်ရွေးစင်အားကစားသမားများ ရာသီမရွေးလေ့ကျင့်နိုင်တဲ့ မိုးလုံလေလုံအားကစားရုံမရှိမဖြစ် လိုအပ်လျက်ရှိနေပါတယ်။ အားကစားရုံအတွက်လိုအပ်တဲ့မြေနေရာကို လက်ရှိဘောလုံးကွင်းအား တောင်ဘက်ကိုအနည်းငယ်သင့်တော်သလိုရွှေ့ပေးမယ်ဆို လမ်းနဲ့နီးကပ်ပြီးတော့ လုံခြုံစိတ်ချစွာနဲ့ အလွယ်တကူဝင်/ထွက်နိုင်တဲ့အနေအထားရှိပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းဆောင်ရွက်နိုင်မယ်ဆိုရင် ဘောလုံးကွင်းရဲ့ မျက်နှာချင်းဆိုင် လမ်းရဲ့မြောက်ဘက်မှာ ဟိုတုန်းကအမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဗာဂျီးနီးယား ဆေးလုပ်ငန်းပိုင်တဲ့မြေနေရာ ခုနစ်ဧကရှိနေပါတယ်။ ဆောက်လုပ်ရန်အထူးသင့်လျော်တဲ့မြေနေရာ ဖြစ်နေတာကို တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ လင်းခေးခရိုင်၊ လင်းခေးမြို့နယ် အတွက် အားကစားအဆင့်မြှင့်တင်ရေးဆောင်ရွက်နိုင်ရန် အထူးလိုအပ်လျက်ရှိတဲ့အဆင့်မီ မိုးလုံ လေလုံအားကစားရုံတစ်ခုကို သင့်လျော်တဲ့မြေနေရာမှာ တည်ဆောက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိကို

သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်းရဲ့မေးခွန်းဖြစ်တဲ့ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်အတွက် အားကစားအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် အထူးလိုအပ်လျက်ရှိသော အဆင့်မီမိုးလုံလေလုံအားကစားရုံတစ်ရုံကို သင့်လျော်သောမြေနေရာတွင် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင် လင်းခေးမြို့နယ်ဟာ ကျန်တဲ့မြို့နယ်နဲ့စာလို့ ရှိရင် တော်တော်များများအားကစားနဲ့ပတ်သက်ပြီးတော့ အထောက်အပံ့များရရှိပါတယ်။ ဥပမာ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ခုနှစ် ဒီအစိုးရတက်တဲ့ပထမနှစ်မှာတင်ပဲ ရှမ်းပြည်နယ်ခွင့်ပြုရန်ပုံငွေ စာရင်းမှာ ခရိုင်အားကစားကွင်း Inner fencing ရယ်၊ Scroe Board လုပ်တာရယ် အားကစား အုတ်တံတိုင်းကာရန်ဖို့ကို ငွေကျပ် ၂၅.၈ သန်းချပြီးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ မှာလည်း ရှမ်းပြည်နယ် ခွင့်ပြုရန်ပုံငွေစာရင်းအတွက် ခရိုင်အားကစားကွင်းအုတ်တံတိုင်းကာရန်ခြင်းကို ငွေကျပ်သန်း ၄၀ ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ အခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်း ရှမ်းပြည်နယ်ခွင့်ပြုရန်ပုံငွေစာရင်းမှာ ပွဲကြည့်စင်တည်ဆောက်ခြင်း အလျား ၁၅၀x အနံ ပေ ၃၀ လုပ်ငန်းအတွက် ငွေကျပ် ၂၃၀ သန်း(သိန်း ၂၃၀၀)ခွင့်ပြုချက်ရရှိပြီး တင်ဒါခေါ်ယူထားပြီးတော့ ဒီလ ၂၈ ရက်နေ့မှာ တင်ဒါဖွင့်ဖောက်စစ်ဆေးပြီးတော့ တင်ဒါအောင်မြင်သည့်ကုမ္ပဏီနှင့်အမြန်ဆုံး ဆောက်လုပ်မှာ ဖြစ်ပါတယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ အဆင့်မြင့်မိုးလုံလေလုံအားကစားရုံ တစ်ရုံတည်ဆောက်ပေးနိုင်ရေးနဲ့ပတ်သက်လို့ကတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ငွေလုံးငွေရင်းအသုံးစရိတ်မှာ (A)အဆင့်အားကစားရုံ ပေ ၁၂၀x ၉၀ ပေx ၃၆ ပေအမြင့်နဲ့ ဆောက်မှာ ပါ။ ဒါကိုဆောက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ကြက်တောင်၊ ဘောလီဘော၊ ဖူဆယ်၊ ဘတ်စကတ်ဘော၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်တို၊ ကရာတေး၊ ဝူရှူး၊ အလေးမ၊ ဂျူဒို အားကစားနည်း ၁၀ မျိုးကစားနိုင်တဲ့တည်ဆောက်ခြင်းလုပ်ငန်းအတွက်ကို သန်းပေါင်း ၂၇၀ (သိန်း ၂၇၀၀)လျာထား တောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရပါက ကျွန်တော်တို့ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာ၏ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံခွင့်ပြုမိန့်ကို အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်နိုင်(သပိတ်ကျင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်က ဒေါက်တာအောင်နိုင် ဖြစ်ပါတယ်။ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း ကျေးရွာ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံဖွဲ့စည်းပုံနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးကို ကျွန်တော်တို့ ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ ရှေးဦးစွာ ဆေးရုံဖြစ်မြောက်ရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ဖွဲ့စည်းပြီးတော့ သပိတ်ကျင်းမြို့နယ်၊ ကုသရေး ဦးစီးမှူးနှင့်တွေ့ဆုံကာ ဆွေးနွေးတိုင်ပင်ပြီးတော့ မြို့နယ်ဆရာဝန်ကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းစီမံချက်များရေးဆွဲပြီးတော့ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှာ ကျွန်တော်တို့ ဆေးရုံတည်ဆောက်ရေး

နှင့် ဖွဲ့စည်းပုံခွင့်ပြုမိန့်လျှောက်ထားဖို့အတွက် လုပ်ငန်းစာတွေကို မြို့နယ်ကုသရေးဦးစီးမှူးရုံးကို တင်ပြခဲ့တာဖြစ်ပါတယ်။ မြို့နယ်ကုသရေးဦးစီးမှူးရုံးမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊ ကုသရေး ဦးစီးမှူးရုံး၊ ထိုမှတစ်ဆင့် နေပြည်တော် ကုသရေးဦးစီးဌာန(ရုံးချုပ်)ကို ကျွန်တော်တို့ လုပ်ထုံး လုပ်နည်းများနှင့်အညီ အဆင့်ဆင့်ပေးပို့တင်ပြပြီးဖြစ်ပါတယ်။ နေပြည်တော် ကုသရေးဦးစီးဌာနမှ ၆– ၇–၂၀၁၇ ရက်စွဲပါစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ထားပြီးဖြစ်ကြောင်းကိုလည်း ကျွန်တော့် အနေနဲ့ ၂၀၁၈ ခုနှစ် ဩဂုတ်လက ကြယ်ပွင့်မပြမေးခွန်းမေးမြန်းထားတဲ့အပေါ်မှာ ပြန်လည်ဖြေဆို ထားတာကိုလည်း သိရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံဖြစ်မြောက်ရေးကော်မတီအနေဖြင့်လည်း ဆေးရုံတည်ဆောက်ရေး လုပ်ငန်းများကို ၂၀၁၇ ခုနှစ် အောက်တိုဘာလကစပြီးတော့ တည်ဆောက်ရာမှာ ဝန်ကြီးဌာနရဲ့ သတ်မှတ်ထားတဲ့ စံကိုက်အဆောက်အဦအင်္ဂါရပ်များနှင့်အညီ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများ အတိုင်း ကြိုးစားပြီးတည်ဆောက်လာတာ အခုဆိုရင် ပြီးစီးလုနီးပါးဖြစ်ပါပြီ။ ခန့်မှန်းတွက်ချက်မှုများ အရ လုပ်ငန်းတစ်ခုလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီလို့ ဆိုရမှာဖြစ်ပါတယ်ခင်ဗျား။ အလှူရှင်များ အနေနဲ့ ကျွန်တော်တို့ ဦးစွာမတည်လှူဒါန်းခဲ့တဲ့ ပင်မဆောင်အလှူရှင်များအပြင် ရွှေသတ္တုတူးဖော် ရေးကုမ္ပဏီများရဲ့လှူဒါန်းငွေ၊ အခြားစီးပွားရေးလုပ်ငန်းရှင်များရဲ့ လှူဒါန်းငွေနဲ့ ကျေးရွာသူကျေးရွာ သားများရဲ့ လှူဒါန်းငွေများနဲ့ စုပေါင်းပြီးတော့ တည်ဆောက်ထားတာ အခုဆိုရင် လေးနှစ်ရှိခဲ့ပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးပြု၍ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ ဇရပ်ကွင်းကိုယ်ထူကိုယ်ထတိုက်နယ်ဆေးရုံရဲ့ မျက်နှာစာဖြစ်ပါတယ်။ ဒါဇရပ်ကွင်းရွာက စက်သုံးဆီရောင်းဝယ်ရေး၊ Golden Key ဆီပန့်ဆိုင်မိသားစုက လှူဒါန်းထားတာဖြစ်ပါတယ်။ ဧရိယာ အကျယ်အားဖြင့် ၅.၇၃ ဧကရှိပြီးတော့ မြေစာရင်းပုံစံ ၁၀၅ လည်း ကျွန်တော်တို့ လက်ဝယ်ရရှိ ထားပြီးဖြစ်ပါတယ်။ သပိတ်ကျင်းမြို့နယ်ဆေးရုံနဲ့ ၁၆ မိုင်ကွာဝေးပြီးတော့ မန္တလေး–မိုးကုတ် ကားလမ်းနံဘေးမှာ တည်ရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာအုပ်စုငါးအုပ်စု၊ ကျေးရွာပေါင်း ၃၂ ရွာနဲ့ လူဦးရေလေးသောင်းကျော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကတော့

ဆရာဝန်ကြီးအတွက် တည်ဆောက်ထားတဲ့ နေအိမ်အဆောက်အဦဖြစ်ပါတယ်။ ဒါကတော့ သူနာပြု ဆရာမများအတွက် အဆောက်အဦဖြစ်ပါတယ်။ ဒါကတော့ ရေစင်ဖြစ်ပါတယ်။ ဒါကလည်း ဇရပ်ကွင်းရွာက Lucky စားသောက်ဆိုင်မိသားစုက လှူဒါန်းထားတာဖြစ်ပြီးတော့ အပေါ်ကရေကန်နဲ့ အောက်က Air Compressor ထားမယ့်စက်ခန်းနဲ့ တွဲပြီးတည်ဆောက်ထားတာ ဖြစ်ပါတယ်။ တစ်နာရီကို ရေဂါလန် ၂၀၀၀ ထုတ်နိုင်မယ့် စက်ရေတွင်းလည်း တူးပြီးသားဖြစ်ပါတယ်။ ဒါကတော့ ၁၀၀ ကေဗွီ ထရန်စဖော်မာဖြစ်ပါတယ်။ ဒါကလည်း ဇရပ်ကွင်းရွာကိုယ်ထူကိုယ်ထ မီးလင်းရေး ကော်မတီရဲ့ ကော်မတီရန်ပုံငွေကနေပြီးတော့မှ ကျခံပြီးတော့ ထည့်ဝင်လှူဒါန်းထားတဲ့ ထရန်စဖော်မာ ဖြစ်ပါတယ်။ ဒါကတော့ အများသုံးရေချိုးကန် ဖြစ်ပါတယ်။ ဒါကလည်း ဇရပ်ကွင်းရွာ ကျော်စတိုး မိသားစုက လှူဒါန်းထားတာဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံကို ဘေးဘက်ကမြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံကို ကျောဘက်ကမြင်ရတဲ့ပုံဖြစ်ပါတယ်။ အလယ်က အဆောက်အဦကတော့ ခွဲစိတ်ခန်းဖြစ်ပြီးတော့ ဘေးနှစ်ဖက်က အမျိုးသား/အမျိုးသမီးသန့်စင်ခန်းများ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ အခြားဆေးရုံဝန်ထမ်းများအတွက် အဆောက်အဦဖြစ်ပါတယ်။ ဒါကတော့ ရင်ခွဲရုံဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုတင်ပြခဲ့တဲ့ ဇရပ်ကွင်းကျေးရွာ ကိုယ်ထူကိုယ်ထတိုက်နယ် ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိမယ်ဆိုရင် ပတ်ဝန်းကျင်ကျေးရွာအုပ်စုငါးအုပ်စုနဲ့ ကျေးရွာပေါင်း ၃၀ ကျော်၊ လူဦးရေပေါင်း လေးသောင်းကျော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အနီးကပ်ပြုစုစောင့်ရှောက်မှုပေး နိုင်မှာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့်ကို အမြန်ချထားပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူ လူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

မူကြမ်း

ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေကျေလည်လည် သေသေချာချာရှင်းပြမှာဖြစ်ပါတယ်။ ငါးမိနစ်ထက်အချိန်ကျော်မှာဖြစ်ပါတယ် ခင်ဗျား။ မေးတဲ့မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာ အုပ်စု၊ ဇရပ်ကွင်းကျေးရွာ၏ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံဖွဲ့စည်းပုံခွင့်ပြုမိန့်ကို အမြန်ဆုံး ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီကိစ္စမှာ လွှတ်တော်ကိုယ်စား လှယ်ကြီးပြောခဲ့တဲ့အတိုင်း ၂၀၁၅ ခုနှစ်ကနေစတဲ့ကိစ္စသည် ယခုအထိ မပြီးသေးတဲ့သဘောဖြစ်နေ ပါတယ်။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ အုန်းဇုန်းကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ် နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ် ရက်စွဲပါစာဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်သဖြင့် ခွင့်ပြုချက်ရပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းသို့ ဆက်လက်တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်တော်တို့ ဖြေကြားခဲ့ပါတယ်။ မှန်ပါတယ်။ သို့သော် ကျွန်တော်တို့တင်ထားတာ နောက်ဆုံးအဆင့်ကို ရောက်နေပါပြီ။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ရောက်နေပါပြီ။ အစိုးရအဖွဲ့ရုံးက သဘောတူရင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတင်ပြီးတော့ နောက်ဆုံးအဆင့်ကိုရောက်တယ်။ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖေဖော်ဝါရီလ ၆ ရက်၊ ၂၀၁၉ ခုနှစ် ရက်စွဲပါစာအမှတ်(၈/၄၂၆)ဖွဲ့စည်းပုံ/ အဖရ-၂၀၁၉ ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းသစ်ခန့်ထားခြင်းတို့နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာထုတ်ပြီးမှသာ အဆိုပါအမိန့်ကြော်ငြာစာတွင်ပါရှိသော သတ်မှတ်ချက်များနှင့် အညီ စိစစ်တင်ပြရန် အမှာတွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ပြန်ပေးလိုက်ပါတယ်။ ပြန်ပေးလိုက်တဲ့အခါမှာ ခုနပြောတဲ့ ဝန်ထမ်းဖွဲ့စည်းပုံအသစ်ကို အမိန့်ကဘယ်လိုထွက်လာပါသလဲ ဆိုတော့ ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်းနှင့် ဝန်ထမ်းသစ်ခန့်ထားခြင်းတို့အတွက် လိုက်နာ ဆောင်ရွက်ရမည့် မူဝါဒများအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၆-၆-၂၀၁၉ ရက်စွဲပါ အမိန့်

ကြော်ငြာစာအမှတ်(၃၇/၂၀၁၉)ဖြင့် ထုတ်ပြန်ခဲ့ပြီး အဆိုပါအမိန့်ကြော်ငြာစာပါ နိုင်ငံ့ဝန်ထမ်း ဖွဲ့စည်းပုံဆိုင်ရာမူဝါဒများနှင့် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့မှ ၂၈-၆-၂၀၁၉ ရက်စွဲပါစာအမှတ် (စစတ/ဖဆပ-၁)/၄၅၅(၁၁၈၄/၂၀၁၉)ဖြင့် ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ ပြုစု၍ ပြန်တင်ပြရန်ဆိုပြီးတော့ ကျွန်တော်တို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို အကြောင်းကြားပါ တယ်။ ဒီ ဇွန်လ ၆ ရက်နေ့မှာထုတ်တဲ့ အတိအကျရှိပါတယ်။ သူတို့မှာ ဘာပြီးရင်ဘာလုပ်ရမယ် ဆိုတာ အကုန်လုံး ကျွန်တော်တို့ ပြန်ချထားပါတယ်။ ဒီအတိုင်း ကျွန်တော်တို့က ပြန်လုပ်ရပါတယ်။ အဲဒါကြောင့် ဒီဟာ အဲဒီလိုကြာနေခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမှာကြည့်မယ်ဆိုရင် သို့ဖြစ်ပါ၍ ဇရပ်ကွင်းတိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရန်အတွက် သက်ဆိုင်ရာ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် ကုသရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများကို (၃၇/၂၀၁၉)အမိန့်ကြော်ငြာစာ၊ မူဝါဒများနှင့် အညီ အချက်အလက်များကို တောင်းခံတယ်။ တောင်းခံပြီးတော့ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့မှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ အချက်အလက်များကိုပြုစု၍ ကုသရေးဦးစီးဌာနမှ ၁၅-၈-၂၀၁၉ ရက်စွဲပါစာအမှတ် (ကမပ/ဃ-၁၅/၃၅၃)ဖြင့် ဖွဲ့စည်းပုံအဆိုပြုအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပြန်လည်တင်ပြခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂-၉-၂၀၁၉ ရက်စွဲပါစာအမှတ်(၆၁/မခ(ထ)၂၀၁၉(၃၂၉၆)/၁၄၆၈၈ ဖြင့် ဥက္ကဋ္ဌ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေး အဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသဖြင့် သဘောတူညီချက်ရပြီဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဆက်လက်တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ အားလုံးရှင်းသွားအောင် ကျွန်တော် တင်ပြချင်ပါတယ်။ ဒီ Power Point ကိုမရှင်းခင် Power Point အရဆိုလို့ရှိရင် ကျွန်တော်တို့က ပထမဆုံး နံပါတ်(၁)ပါခင်ဗျား။ ဘယ်ဘက်က ကိုးနာရီလောက်မှာရှိပါတယ်။ နိုင်ငံတော်အကြီးအကဲ များ၏ ခရီးစဉ် သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့၏ လိုအပ်ချက် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ၏

တင်ပြချက်များ၊ ဒေသခံမြို့မိမြို့ဖတို့က တောင်းဆိုတဲ့အချက်တွေကို ခလယ်မှာရှိတဲ့အစိမ်းရောင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ရောက်လာပါတယ်။ ရောက်လာရင် ကျွန်တော်တို့က ဘာလုပ်မလဲ။ ကျွန်တော်တို့အောက်မှာရှိတဲ့ ဦးစီးဌာနတွေကို ဝန်ထမ်းခန့်အပ်မည့်အစီအစဉ်၊ ပစ္စည်း ဖြည့်ဆည်းမည့်အစီအစဉ်၊ မြေနှင့်အဆောက်အဦရှိ/မရှိ အကုန်တွက်ခိုင်းလိုက်ပါတယ်။ တွက်ခိုင်းပြီး တော့ သူက ပြန်တက်လာလို့ရှိရင် ဘယ်ကိုပို့ရပါသလဲဆိုလို့ရှိရင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ကိုပို့ရပါတယ်။ ဘာပို့ရလဲဆိုတော့ အဆောက်အဦ အတွက် မြေနေရာသုံးစွဲမှု၊ လုံလောက် မှုရှိ/မရှိ၊ အဆောက်အဦ ထပ်မံဆောက်လုပ်ရန်ရှိ/မရှိ၊ မြေပြင်အမှန်တကယ်လိုအပ်ချက်ရှိပြီဆိုရင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရဆီ ကျွန်တော်တို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပို့လိုက်ရ ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့်သဘောတူတယ်ဆိုရင် အစိမ်းမြားလေးနဲ့ ကျွန်တော်တို့ ဆီပြန်ရောက်လာပါတယ်။ ကျွန်တော်တို့ဆီပြန်ရောက်တဲ့ အခါမှာ ကျွန်တော်တို့က ဘာလုပ်ရလဲ ဆိုတော့ နံပါတ်(၄) စီမံကိန်းနှင့်ဖွံ့စည်းပုံဆီကို ကျွန်တော်တို့ ကတင်ရပါတယ်။ တင်တဲ့အခါမှာ သူတို့က သဘောတူတယ်ဆိုရင် အစိမ်းလေးနဲ့ ကျွန်တော်တို့ဆီ ပြန်ရောက်လာပါတယ်။ ပြန်ရောက် တဲ့အခါမှာ မပြီးသေးပါဘူး။ ကျွန်တော်တို့က ဘာလုပ်ရလဲ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လစာငွေကိစ္စ ရသုံးမှန်းခြေစာရင်းအင်းဦးစီးဌာနဆီကို ပြန်ပို့လိုက်ရပါတယ်။ ဒီစာရင်းဦးစီးဌာနက ကျေနပ်ပြီ။ ပိုက်ဆံရှိမယ်။ ဒါလုပ်မယ်ဆိုရင် ကျွန်တော်တို့ ပြန်လာပါတယ်။ ပြန်လာတဲ့အခါမှာ ကျွန်တော်တို့က ဘာလုပ်ရလဲဆိုတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးကို တင်လိုက်ရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကတင်လို့ သဘောတူတယ်ဆိုရင်၊ ပြန်ကျလာ လို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို တင်ရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး Cabinet က သဘောတူမှသာလျှင် ကျွန်တော်တို့က အမိန့်ကြော်ငြာစာထုတ်ပြီး ထုတ်ပြန်ခြင်းဖြစ်ပါတယ်။

အဲဒါကြောင့် ဒီ Process တွေမှာ အဲဒီလောက်ကြာနေတဲ့အတွက် ကျွန်တော်တို့မှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များ ကျွန်တော်ဖြေခဲ့ပါတယ်။ ပေးမယ်။ ဖြေခဲ့တယ်။ သို့သော်အဲဒါတွေကို ကျွန်တော်တို့က မပေးနိုင်သေးတာက ဘယ်လိုဖြစ်နေလဲဆိုတော့ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၁၉၃ ခု ကျွန်တော်တို့ တင်ထားပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်တာကိုးခု တင်ထားပါတယ်။ ဖွဲ့စည်းပုံအသစ် ၄၁ ခုတင်ထားပါတယ်။ (၁၆)ခုတင်တိုက်နယ်ဆေးရုံအသစ်တစ်ခု၊ ဖွဲ့စည်းပုံအသစ် ၂၄ ခု၊ (၁၆)ခုတင်ကနေ (၂၅)ခုတင် တိုးတာ ငါးခု၊ (၂၅)ခုတင်ကနေ ခုတင် (၅၀)ကခုနစ်ခု၊ တိုင်းရင်းဆေးမှာလည်း ဆေးရုံတစ်ရုံ၊ ဒီဘက်မှာရှိပါသေးတယ်။ ခုတင် (၅၀)ကနေ ခုတင်(၁၀၀) တိုးတဲ့ဟာက သုံးခုတင်ထားပါတယ်။ နောက်တစ်ခုက ခုတင်(၂၀၀) ဆံ့ အမျိုးသမီးနှင့်ကလေးဆေးရုံအသစ်က တစ်ခုတင်ထားပါတယ်။ ခုတင် (၃၀၀) အောင်ဆန်းတီဘီရောဂါ အထူးကုဆေးရုံကြီး ကတစ်ခုစုစုပေါင်း ပြန်တင်ထားတဲ့ကိစ္စက ၂၈၈ ခုရှိနေပါတယ်။ ဒီ ၂၈၈ ခုကသေချာပါတယ်။ ပြန်ကျမှာပါ။ အနေးနဲ့အမြန် ပြန်ကျမှာဖြစ်ပါတယ်။ သို့သော်လည်း ဒီမှာကျွန်တော်တင်ပြချင်တာကတော့ ဒီ Power Point ကိုကြည့်လိုက်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့သည် အားလုံးစဉ်းစားဖို့က ဒီလောက်ရှုပ်ထွေးတဲ့ဟာကြီးကို အလွယ်ဆုံးနဲ့အမြန်ဆုံး ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။

ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးက တောင်းဆိုခြင်းဟာ တကယ်လိုလို့တောင်းခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဖြစ်နိုင်ရင် ဒီနေ့တောင်း နောက်နေ့တောင် ကျွန်တော်ကချပေးချင်လောက်ထိစိတ်ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့က ဒီလိုလုပ်လို့မရဘူး။ အစိုးရအဖွဲ့အစည်းကိုတင်ရတဲ့အတွက် အကုန်လုံး အဲဒီအဆင့်တွေကို လုပ်တဲ့အခါကျတော့ ဒီစနစ်ကြီးကိုတော့ ကျွန်တော်အကူအညီတောင်းချင်တာကတော့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှာရှိတဲ့ ကျန်းမာရေးနှင့် အားကစားကော်မတီရယ်၊ ဒီဟာကနည်းနည်းစိစစ်ပါ။ စိစစ်ပြီးကျွန်တော်တို့ကိုပြန်ပြောရင် ကျွန်တော်ကပဲ အထက်ကိုတင်ပြီးတော့ ဒါကိုအလွယ်ဆုံးနဲ့ အမြန်ဆုံးဘယ်လိုလုပ်မလဲဆိုတာကို ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ ဒီအချိန်မှာ အဲဒီလိုစဉ်းစားပြီးမှ တစ်ပြိုင်တည်း ကျွန်တော်တို့ တင်သင့်မလား။ အဲဒီအဖွဲ့တွေ ၁၊ ၂၊ ၃၊ ၄၊ ၅ ကို တစ်ပြိုင်တည်း ကျွန်တော်တို့ တင်မလား။ တစ်ရပြီးလို့ရှိရင် တစ်ပြိုင်တည်းတင်လို့ရနိုင်တဲ့အခြေအနေရှိပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့်မသွားဘဲ ဒီကိစ္စတွေ

အားလုံးကိုတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်ကတော့ လေးစားစွာ မေတ္တာရပ်ခံရင်းနဲ့ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၅၀) မှ ခုတင်(၁၀၀) ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်တင်လင်း(နတ်မောက်မဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ နတ်မောက်မြို့နယ်ပြည်သူ့ဆေးရုံအတွက် ကုတင်(၅၀)ဆံ့ဆေးရုံအတွက် အဆင့်မြှင့်တင်ပြီးတော့ ကုတင်(၁၀၀)ဆံ့ဆေးရုံတောင်းမှာ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရတဲ့ အကြောင်းပြချက်ကတော့ နတ်မောက်မြို့လေးဟာ ကျေးရွာအုပ်စု ၈၀၊ ကျေးရွာပေါင်း ၂၃၄ ရွာ၊ အိမ်ခြေပေါင်း ၄၉၀၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ၅၀၀၀၀ ကျော်နဲ့ လူဦးရေ ၂၅၀၀၀၀ ခန့်နေထိုင်ပြီး မြေဧရိယာများစွာကျယ်ဝန်းသဖြင့် မကွေးတိုင်းမှာဆိုရင် မြေတိုင်းစာရေးအများဆုံးခန့်အပ်ရတဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ လက်ရှိနတ်မောက်မြို့နယ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆) ခုတင်ဆံ့ ဆေးရုံနှစ်ရုံ၊ မိခင်နဲ့ကလေးစောင့်ရှောက်ရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၂ ခုရှိပြီး လူဦးရေနှင့်ဆရာဝန်အချိုးမှာ ၁း၈၁၈၅၆ ဖြစ်ပါတယ်။ အဲဒီတော့ နတ်မောက်မြို့ကနေ မကွေးမြို့ကိုသွားပြီးတော့ သင်ကြားရေးဆေးရုံဖြစ်ဖြစ်၊ မကွေးတိုင်းဒေသကြီး အထွေထွေကုဆေးရုံဖြစ်ဖြစ် သွားမယ်ဆိုရင် ၃၈ မိုင်ကွာဝေးပါတယ်။ နေပြည်တော်ခုတင် ၁၀၀၀ ကိုလာမယ်ဆိုရင် မိုင်ပေါင်း ၁၂၀ ခန့်ကွာဝေးပါတယ်။ တစ်ခုပြောချင်တာကတော့ နတ်မောက်မြို့နယ်မှာ တရုတ်-မြန်မာချစ်ကြည်ရေးအဖွဲ့ကလှူဒါန်းခဲ့တဲ့ တစ်ထပ်RC အဆောက်အအုံတစ်လုံး၊ ဆေးရုံသုံးအထောက်အကူပစ္စည်းများလက်ခံရရှိပြီးဖြစ်သော်လည်း အဲဒီဆေးရုံသုံးပစ္စည်းသုံးဖို့ အသုံးပြုတဲ့ဆရာဝန်ဆရာမများမရှိ၍ယနေ့အချိန်ထိ အသုံးပြုနိုင်ခြင်း မရှိပါဘူး။ ၂-၃-၂၀၁၈ နေ့ ဒီပင်္ကရာကျောင်းတိုက်မှာ ဘွဲ့ရ

ဆရာတော်သုံးပါးကို ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုမှ ပြောကြားတဲ့မိန့်ခွန်းကတော့ နတ်မောက်မြို့ကလေးဟာ ခေတ်အဆက်ဆက်အုပ်စိုးသူများရဲ့ ငြင်းပယ်ခြင်းခံရတဲ့အပယ်ခံမြို့လေး၊ နှိမ်ချဆက်ဆံခြင်းခံရတဲ့ အနှိမ်ခံမြို့လေး၊ ရှောင်ကွင်းခြင်း ခံရတဲ့ မြို့ကလေးဖြစ်လို့ များစွာနိမ့်ကျလျက်ရှိပါကြောင်း၊ ယခုအခါ သက်ဆိုင်ရာအာဏာပိုင်များမှ ဝိုင်းဝန်းကူညီ တည်ဆောက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း မိန့်ကြားသွားပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ တိုင်းဒေသကြီးခုနစ်တိုင်း၊ ပြည်နယ်ခုနစ်ခုဖြစ်နေပြီးတော့ နေပြည်တော် ကောင်စီတစ်ခုရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကမ္ဘာ့ဘဏ်ကနေပြီးတော့ One State One Town ဆောင်ရွက်ပေးမယ်လို့ သိရတယ်။ မကွေးတိုင်းဒေသကြီးမှာတော့ နတ်မောက်မြို့နယ်ကို Smart Town အဖြစ် ရွေးချယ်ပြီး ၂၀၂၀ ခုနှစ်မှာ စတင်ဆောင်ရွက်ပြီးတော့ ကမ္ဘာ့ဘဏ်အနေဖြင့် 10 Billion ချပေးမယ်လို့သိရပါတယ်။ အဲဒီတော့ Smart Town နဲ့ Smart Hospital ဖြစ်စေရန်အတွက် ပြည်သူလူထုက ခုတင်(၁၀၀) ဆံ့ဆေးရုံကို အထူးမျှော်လင့်တောင့်တလျက်ရှိပါတယ်။ သို့ပါ၍ ခုတင် (၅၀) ဆံ့ဆေးရုံမှ ခုတင်(၁၀၀) ဆံ့ဆေးရုံအဖြစ်သို့ မည်သည့်အနီးစပ်ဆုံးဘတ်ဂျက်တွင် ဆောင်ရွက် ပေးပါမည်ကို ပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း၏မေးခွန်းဖြစ်တဲ့ နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၅၀) မှ (၁၀၀0 အဆင့်ထိတိုးမြှင့်ပေးရန်ကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ နတ်မောက်မြို့နယ်ကတော့ လူဦးရေ ၂၅၀၀၀၀ လောက်ရှိပြီးတော့ တိုက်နယ်ဆေးရုံနှစ်ရုံနဲ့ မြို့နယ်ဆေးရုံတစ်ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခု၊ ကျေးလက်

ကျန်းမာရေးဌာနခွဲ ၄၂ ခုနှင့်တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဆေးရုံ တစ်ရုံကို ခုတင်(၅၀)ကနေ (၁၀၀)၊ (၁၀၀) ကနေ (၂၀၀)၊ (၂၀၀) ကနေ (၃၀၀) လုပ်မယ်ဆိုရင် ကျွန်တော်တို့မှာ ဒီဆေးရုံတက်တဲ့လူတွေရဲ့ Criteria ရှိပါတယ်။ ပေးသင့်/မပေးသင့် ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ဆေးရုံတစ်နေ့ပျမ်းမျှအတွင်းလူနာဦးရေဟာ ငါးနှစ်စာအတွင်းမှာ ၅၆ ဦးပဲ ရှိပါတယ်။ ဆေးရုံခုတင်က (၅၀)။ ၂၀၁၄ ခုနှစ်က ၅၇ ယောက်၊ ၂၀၁၅ ခုနှစ်မှာ ၇၀ ယောက်၊ ၂၀၁၆ ခုနှစ်မှာ ၅၇ ယောက်၊ ၂၀၁၇ ခုနှစ်မှာ ၄၉ ယောက်၊ ၂၀၁၈ ခုနှစ်မှာ ၄၇ ယောက်ပဲရှိပါတယ်။ ဆေးရုံအသုံးပြုခုတင် ခွင့်ပြု အသုံးပြုခုတင် အသုံးချနှုန်းမှာလည်း ငါးနှစ်စာ average က ၁၁၂.၀၇ ရာခိုင်နှုန်းပဲရှိပါတယ်။ အဲဒီတော့ ဆေးရုံအသုံးပြုခုတင်အသုံးချမှုနှုန်းသည် ၂၀၁၉ ခုနှစ်မှာ ကျွန်တော်တို့ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာမူ သတ်မှတ်ထားပါတယ်။ ၂၀၀ ရာခိုင်နှုန်း ရှိမှသာလျှင် ကျွန်တော်တို့က ဆေးရုံအဆင့်တိုးမယ်လို့သတ်မှတ်ထားပါတယ်။ မဟုတ်လို့ရှိရင် နည်းနည်းရာခိုင်နှုန်းလေးတိုးတာနဲ့တိုးမယ်ဆိုရင် တစ်ပြည်လုံးမှာရှိတဲ့ဆေးရုံတွေဟာ အကုန်လုံး တိုးတိုးပြီးတော့ဆိုရင် ကျွန်တော်တို့ ဘတ်ဂျက်ကလည်းမတတ်နိုင်ပါဘူး။ မတတ်နိုင်တဲ့အပြင် အထူးသဖြင့်ဆရာဝန်အင်အား၊ ဝန်ထမ်းအင်အား၊ အခြားဝန်ထမ်းတွေလည်းပေးဖို့မရှိပါဘူး။ ဒီဆေးရုံ ရဲ့မြေဧရိယာလည်း လောလောဆယ် ၅.၅၃၂ ဧရိယာပဲရှိပါတယ်။ အကယ်၍ဆေးရုံ ကုတင်၁၀၀ လုပ်မယ်ဆိုရင် ရှစ်ဧကလိုပါတယ်။ ဒါမှနဲ့ ကိုက်ညီခြင်းမရှိကြောင်းတွေ့ရပါတယ်။

ကျွန်တော်တို့ဒီမယ်အသေးစိတ်ပြန်ကြည့်တဲ့အခါမှာ အတွင်းလူနာဦးရေဟာ ၂၀၁၄ ခုနှစ် ကနေပြီးတော့ ၂၀၁၈ ခုနှစ်ထိကို တစ်နှစ်တစ်နှစ်ကို ၃၉၀၀၊ ၄၆၀၀၊ ၄၈၀၀၊ ၄၇၀၀။ ပြန်တောင် ဆင်းသွားပါသေးတယ်။ ၄၃၄၂ ယောက်ဖြစ်သွားပါတယ်။ ကျွန်တော်တို့ ဒါ increasing trend တက်လာတဲ့ အစီအစဉ်ဖြစ်တယ်။ တက်လာတော့လည်း ကျွန်တော်တို့ စဉ်းစားပါတယ်။ အခုမတက်ပါဘူး။ stationary တည့်တည့်လေးပဲ ဖြစ်နေပါတယ်။ ဆေးရုံလုပ်ငန်းအညွှန်းကိန်း အနေနဲ့လည်း တစ်နေ့ပျမ်းမျှအတွင်းလူနာက ခုနကျွန်တော်တင်ပြတဲ့အတိုင်း ဒီ ၅၀ ဦး ပတ်ဝန်း ကျင်လေးမှာပဲ ရှိနေပါတယ်။ ၂၀၁၄ ခုနှစ်က ၅၇ ဦး၊ ၂၀၁၅ ခုနှစ်မှာ ၇၀ ဦးတက်လာတယ်။ ၂၀၁၆

ခုနှစ်မှာ ၅၇ ဦး၊ ၂၀၁၇ ခုနှစ်မှာ ၄၉ ဦး၊ ၂၀၁၈ ခုနှစ်မှာ ၄၇ ဦးထိပြန်ပြီးကျဆင်းသွားခြင်း ဖြစ်ပါတယ်။ ဒီဆေးရုံရဲ့ Average duration of stay ကတော့ကောင်းပါတယ်။ ငါးရက်ပတ်ဝန်းကျင်ပဲရှိတယ်။ ဒါမှန်ပါတယ်။ ကျွန်တော်တို့အားလုံးကို ပြန်ပြီးကြည့်တဲ့အခါမှာ အားလုံးကတက်မလာဘူး။ stationary ချည်းပဲ ဖြစ်လာတယ်။ ပြောမယ်ဆိုလို့ရှိရင် နတ်မောက်ဧရိယာမှာရှိတဲ့လူတွေအားလုံးက ကျန်းမာတယ်လို့တောင် ယူဆလို့ရပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်က မေးပါတယ်။ ဘယ်အချိန်မှာ ပေးမလဲတဲ့။ ကျွန်တော်တို့ပေးမယ်။ ဆေးရုံတွေမှာ Increasing trend တက်လာတာရှိတယ်။ လူနာတွေအရမ်းများတယ်။ Inpatient ၊outpatient အရမ်းများတယ်ဆိုရင် ကျွန်တော်တို့ပေးဖို့ ဝန်မလေးပါဘူး။ သို့သော်ဒီနေရာမှာ တစ်ခုစဉ်းစားရမှာက ခုတင်(၅၀)ကနေ (၁၀၀)ပြီးရင် ခုန်တက်သွား ပါတယ်။ ခုတင်(၅၀)အဆင့်ဆေးရုံမှာ အထူးကုလုံးဝမရှိပါဘူး။ ဆရာဝန် (AS) ပဲရှိပါတယ်။ သို့သော် ခုတင်(၁၀၀) ပေးမယ်ဆိုရင် ကျွန်တော်တို့ကအထူးကုဆရာဝန် ကိုးမျိုးပေးရမယ်။ ချက်ချင်းကဘယ်လိုမှပေးလို့ မရဘူး။ ကိုးမျိုးဆိုတာက ကျွန်တော်တို့မလွယ်ပါဘူး။ နောက်ပြီးတော့ လက်ထောက်ဆရာဝန်ကလည်း ခြောက်ယောက်ကနေ ၁၈ ယောက်အထိတိုးရမယ်။ သူနာပြုကလည်း ၇၆ ဦးထိပေးရမယ်။ ဒီဟာတွေကြည့်တဲ့အခါမှာ ကျွန်တော်တို့ပေးလို့မရပါဘူး။ အကယ်၍သာ ပေးသင့်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ကပေးမှာပါ။ ဒီဟာတွေကိုမရမကရှာပြီးလုပ်ပေးမှာပါ။ ဒီအခြေအနေမှာတော့ လူနာဦးရေလည်းမများသေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့တော့ လောလောဆယ်ကာလမှာ ပေးရန်မရှိသေးကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်တင်လင်း(နက်မောက်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီးဖြေကြားသွားတာကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရင် ကျွန်တော်တို့ နတ်မောက်မြို့လေးက အနောက်တောင်ဘက်မှာရှိပြီးတော့ ရွာတွေကအရှေ့မြောက်ဘက်၊ အနောက်မြောက်ဘက်မှာအများကြီးရှိပါတယ်။ မြို့ကကျဉ်းကျဉ်းလေးရှိပြီးတော့။

တောင်ဘက်မှာမြို့သစ်မြို့နယ်နှင့် တစ်ရွာပဲခြားပါတယ်။ မကွေးမြို့နဲ့လည်း ခြားပါတယ်။ သို့သော် အရှေ့ဘက်ကျောက်ပန်းတောင်းမြို့၊ ပျော်ဘွယ်မြို့၊ မိတ္ထီလာမြို့၊ ရေနံချောင်းတို့နဲ့စာရင်း ကျယ်ပါတယ်။ အဲဒီလိုကျယ်တော့ မြို့ကလည်း ဆရာဝန်က အထူးကုကမရှိ။ အထူကုဆရာဝန်မရှိတဲ့အခါကျတော့ အထူးကုဆရာဝန်ရှိတဲ့ မိဘဂုဏ်ဆေးခန်းလေးမှာအထူးကုပြရပါတယ်။ အဲဒီတော့ ရွာက လူတွေကဘယ်လိုသွားသလဲဆိုတော့ နတ်မောက်မြို့မှာအထူးကုဆရာဝန်မရှိတော့ နေပြည်တော်ဘက်တက်ပြီးတော့ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံသွားရတယ်။ မန္တလေးသွားရတယ်။ အဲဒီလိုသွားတဲ့အတွက်ကြောင့်မို့လို့ နတ်မောက်ဆေးရုံက ဆေးရုံတက်ခြင်းမရှိဘဲနဲ့ လူနာကကျဆင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဝန်ကြီးအနေနဲ့ သေချာကြည့်ပြီး ဖြေလျော့ပြီးတော့ မည်သည့်အဆင့်၊ မည်သည့်အချိန်မှာ အဆင့်တိုးမြှင့်ပေးရမည်ဆိုတဲ့ ကိစ္စလေးကိုတော့ စဉ်းစားပေးစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ ကျွန်တော်ကတော့ စဉ်းတော့စဉ်းစားပေးရမယ်။ ကျွန်တော်တို့ခေါင်းထဲမှာတော့ ရှိပါတယ်။ ဒီ ခုတင်(၅၀) ဆံ့ ဆေးရုံတွေမှာ ကျွန်တော်တို့က MSC Medicine ပေ့ါ Specialist AS တွေများ လာရင်ထားဖို့ အစီအစဉ်ရှိပါတယ်။ သူတစ်ယောက်ရှိတယ်ဆိုရင် ရောဂါတော်တော်များများကို သူကကုလို့ရပါတယ်။ ထို့ပြင်နောက်တစ်ဆင့်က ကျွန်တော်တို့ ဘာစဉ်းစားနေသလဲဆိုတဲ့ အခါကျတော့ ဒီ ခုတင်(၅၀) အဆင့် ခုတင် Orthopaedic အရိုးဆရာဝန်ပါ။ ဒီ Accident တွေဖြစ်တဲ့ အတွက် အဲဒီနှစ်ခုကတော့ ကျွန်တော်တို့ စဉ်းစားတာ။ ရေရှည်နဲ့ကျွန်တော်တို့ စဉ်းစားမယ်။ စပြီးစဉ်းစားနေပြီဖြစ်ပါတယ်။ ပထမဆုံးဖြစ်နိုင်တာကတော့ MSC Medicine ပါ။ ဆေးပညာပါ။

သူတစ်ယောက်ရှိတယ်ဆိုလို့ရှိရင် တော်တော်များများကြည့်လိုရပါတယ်။ နောက်တစ်ခုကတော့ ဒုတိယလိုက်မှာတော့ကလေး။ အဲဒါကို စဉ်းစားနေပါတယ်။ လောလောဆယ်ဆယ်ကတော့ ကျွန်တော်တို့တင်ပြရမယ်ဆိုရင် ဆရာဝန်တွေလိုတဲ့အတွက် Cabinet ကလည်း အခုလွှတ်လိုက်ပါပြီ။ နောက်ထပ်ဆရာဝန် ၁၃၀၃ ဦးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခေါ်ခွင့်ပေးဖို့ အစိုးရအဖွဲ့က ပြီးခဲ့တဲ့နှစ်ပတ်လောက်က လည်းသဘောတူပါတယ်။ ကျွန်တော်တို့ ဆက်လက်ခေါ်ပါမယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက်ခေါ်မှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးဆိုရင် မကွေးကသူတို့ခေါ်မယ်။ ရှမ်းပြည်နယ်ဆို ရှမ်းပြည်နယ်ကခေါ်မယ်။ နောက် သူတို့ထဲမှာအနည်းဆုံး သုံးနှစ်တာဝန်ထမ်းဆောင်ရဖို့အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ အမြန်ဆုံးခေါ်ဖို့ စီစဉ်လျက်ရှိကြောင်းလည်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁: ၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁:၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

မူကြမ်း

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ (၁၁-၉-၂၀၁၉ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၃-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၄၄)ချက်

ကို သဘောတူသင့်ကြောင်း၊ ထပ်မံပြင်ဆင်ချက် (၃၂)ချက်ရှိကြောင်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားချက်အတိုင်း ထားရှိမည့်အချက် (၄)ချက်ရှိကြောင်း တင်ပြလာပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၄၄)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တင်ပြချက်ကို ဖတ်ကြား သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကောမတီက တင်သွင်းတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ဖြစ်တဲ့ ၁၃-၃-၂၀၁၉ ရက်နေ့မှာ ပြင်ဆင်ချက်များနှင့်အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၉-၈-၂၀၁၉ ရက်နေ့မှာကျင်းပတဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် များနှင့် သဘောတူပါကြောင်းအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ဖြစ်တဲ့ ၁၁-၉-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)မှာ လွှတ်တော်ကိုအသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ၁၃-၉-၂၀၁၉ ရက်(သောကြာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)၊ ဦးတင်ကိုကိုဦး(ခ)အတွတ်(ဘီးလင်းမဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း

(ရှားတောမဲဆန္ဒနယ်)၊ ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်) တို့ကနေပြီးတော့ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ၅-၁၁-၂၀၁၉ ရက်(အင်္ဂါနေ့)၊ ၆-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)နှင့် ၁၃-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တို့မှာ ဆွေးနွေးရန်နှင့်ပြင်ဆင်ရန်အဆို တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးများရဲ့ သဘောတူဆုံးဖြတ် ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်က ပြင်ဆင် အတည်ပြုခဲ့တဲ့အချက်များအနက်မှ အချက်(၄၄)ချက်ကို သဘောတူလက်ခံခဲ့ပြီးတော့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၄၄)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ မှ ၅ | ၃၊ ၅၊ ၇၊ ၈၊ ၉၊ ၁၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အခန်း(၃) ခေါင်းစဉ် |
| (ခ) | ၇ | ၁၃၊ ၁၄ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅ ခြေဆင်း |
| (ဂ) | ၁၀ | ၂၀ | အပိုဒ် ၇ အပိုဒ်ခွဲ(က) |
| (ဃ) | ၁၂ | ၂၃ | အပိုဒ် ၇ အပိုဒ်ခွဲ(င) |

မူကြမ်း

| | | | |
|---|---|---|---|
| (င) | ၁၄ မှ ၁၉ | ၂၈၊ ၃၀၊ ၃၁၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၈၊ ၄၁ | အပိုဒ် ၈ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်(ဃ) အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၇)၊ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၈)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ခွဲ(ဆ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ထ) |
| (စ) | ၂၁ မှ ၂၆ | ၄၆၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၆၊ ၅၇၊ ၅၈၊ ၆၀၊ ၆၂ | အပိုဒ် ၁၀ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အခန်း(၇) ခေါင်းစဉ်၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀ အပိုဒ်ခွဲ (က) |
| (ဆ) | ၂၈ မှ ၃၃ | ၆၅၊ ၆၆၊ ၆၈၊ ၆၉၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀ | အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၆၊ အပိုဒ် ၂၈၊ အပိုဒ် ၂၇ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၄၄၊ အပိုဒ် ၄၄ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(ခ) |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၄၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်တွေအနက်က ဖော်ပြပါအချက်(၄၀)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ က သဘောတူသင့်ကြောင်း တင်ပြထားတဲ့ (၄၄)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြထားတဲ့ (၄၄)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်း နှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ ၏ ထပ်မံပြင်ဆင်ချက်(၃၂)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ညှိနှိုင်းအစည်းအဝေးများရဲ့ သဘော တူဆုံးဖြတ်ချက်အရ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန်တင်ပြချက်(၃၂)ချက်ရှိပြီးတော့ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၃၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၂၊ ၄၊ ၆ | အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက် ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဌ) |

| | | | |
|---|---|---|---|
| (ခ) | ၅ မှ ၈ | ၁၀၊ ၁၂၊ ၁၅၊ ၁၆ | အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ခ) နှင့် (ဂ)၊ အပိုဒ်ခွဲ(စ) |
| (ဂ) | ၈ မှ ၁၉ | ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၉၊ ၃၂၊ ၃၇၊ ၃၉၊ ၄၀ | အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ) အပိုဒ် ၈ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ (ဋ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဍ) |
| (ဃ) | ၂၀ မှ ၂၁ | ၄၂၊ ၄၃၊ ၄၄၊ ၄၇ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ(ဒ)၊ အပိုဒ်ခွဲ(ဓ)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ)၊ |
| (င) | ၂၄ မှ ၂၉ | ၅၅၊ ၅၉၊ ၆၁၊ ၆၃၊ ၆၄၊ ၆၇၊ ၇၀ | အပိုဒ် ၁၅၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉ ခြေဆင်း |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၃၂)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန်တင်ပြချက် (၃၂)ချက်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ

၏ ထပ်မံပြင်ဆင်ချက်(၃၂)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၃၂)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူတဲ့ အချက်လေးချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးများရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီတဲ့အချက်လေးချက်ရှိပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်လေးချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) |
| (ခ) | ၂၀ | ၄၅ | အပိုဒ် ၉ အပိုဒ်ခွဲ(က) |

| | | | |
|---|---|---|---|
| (ဂ) | ၃၂ | ၇၅၊ ၇၆ | အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၃ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိမည့် အချက်လေးချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိမယ့်အချက်လေးချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူပါကြောင်း တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်လေးချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်လေးချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၃၂)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားရှိသင့်သည့်အချက်လေးချက် စုစုပေါင်း(၃၆)ချက်ကို လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ ပေးနိုင်ရေး

အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကတင်သွင်းခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ၁၃-၃-၂၀၁၉ ရက်နေ့ တွင် ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးတော့ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ကလည်းပဲ ၂၉-၈-၂၀၁၉ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက်များအနက် ထပ်မံ ပြင်ဆင်ရန်တင်ပြချက် (၃၂)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘော မတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၄)ချက် စုစုပေါင်းအချက် (၃၆)ချက်ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ထိုသို့သဘောထားကွဲလွဲတဲ့အချက်(၃၆)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၃၆)ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်း နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဒုတိယ ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက နှစ်ပတ်လည်အစီရင်ခံစာ တင်ပြဖို့ဖြစ်ပါတယ်။ တိုင်းရင်းသားရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီကို ဖိတ်ခေါ်ပါ တယ်။

**ဦးအင်ထုံးခါးနော်ဆမ်(အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြမယ့် ကော်မတီအတွင်းရေးမှူး မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အကြောင်းအရာတချို့နှင့် အချက်အလက်တချို့ကိုသာ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါကြောင်း ကြိုတင်တင်ပြအပ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ တိုင်းရင်းရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ပုဒ်မ ၂၇၊ နည်းဥပဒေ ၁၀၆ တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇

ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊(၂၂/၂၀၁၆)ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ပါတီရှစ်ခုနှင့် တပ်မတော်သားအဖွဲ့အစည်း၊ လူမျိုးများအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရှမ်း၊ သက်၊ ပလောင်၊ ကိုးကန့်၊ နာဂနှင့် ပအိုဝ်း စသည့် တိုင်းရင်းသားသားလူမျိုး ၁၁ မျိုးပါဝင်သည့် ကော်မတီဝင် ၁၈ ဦးနှင့် တပ်မတော်သားလေ့လာသူ နှစ်ဦးဖြင့် တက်ညီလက်ညီကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

## ရည်ရွယ်ချက်

၂။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပတွင် ကော်မတီကဆောင်ရွက်ခဲ့သော လုပ်ငန်းများကို သိရှိနိုင်ရန်အတွက် အစီရင်ခံ တင်ပြခြင်းဖြစ်ပါတယ်။

## ကော်မတီဖွဲ့စည်းခြင်း

၃။ ကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၁၀၆ တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၆)ဖြင့် ပါတီအသီးသီး၊ ဒေသ အသီးသီးမှ တိုင်းရင်းသားပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်း ခဲ့ပြီး ၈-၅-၂၀၁၉ ရက်စွဲပါ၊ ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၃/၂၀၁၉)ဖြင့် ဗိုလ်မှူးမြတ်သူရ အစား ဗိုလ်မှူးအောင်ပြည့်ဖြိုးအား အစားထိုးဖွဲ့စည်းပေးခဲ့ပါသည်။

## ကော်မတီအစည်းအဝေးနှင့် ညှိနှိုင်းဆောင်ရွက်မှု

၄။ ကော်မတီသည် ချမှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စုစုပေါင်း ၁၀ ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ၎င်းအပြင် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် မိမိတို့ကော်မတီ၏ တစ်နှစ်တာ

လုပ်ငန်းဆောင်ရွက်ချက်ကို တင်သွင်းခဲ့ရာ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးအကြံပြုချက်နှင့်ပတ်သက်၍လည်းကောင်း၊ ကော်မတီသို့ရောက်ရှိလာသော တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်သက်ဆိုင်သည့် တိုင်ကြားစာနှင့်ပတ်သက်၍လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဖြေရှင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ချက်များကို အစီရင်ခံစာ၌ ရေးသားထားပါကြောင်း တင်ပြအပ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်နည်းဥပဒေတွေ ထွက်ရှိနိုင်ရေးအတွက် ကော်မတီမှ တိုက်တွန်းကြိုးစားလုပ်ဆောင်မှုကြောင့် နည်းဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များထံ ၃-၉-၂၀၁၉ ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိစ္စဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်ပြီး ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)တို့တွင် ကော်မတီဥက္ကဋ္ဌက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးက (UPDJC)လုံခြုံရေးလုပ်ငန်းကဏ္ဍတွင်လည်းကောင်း၊ ကော်မတီတချို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁-ပင်လုံ)အစည်းအဝေးလုပ်ငန်းကဏ္ဍအလိုက် အစုအဖွဲ့များတွင်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ရာ၌ ငြိမ်းချမ်းရေးကော်မရှင်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်ကြားစာများနှင့်ပတ်သက်၍ ဆောင်ရွက်မှု**

၅။ တစ်နှစ်တာကာလအတွင်း ကော်မတီမှ တိုင်ကြားစာ ၁၂ စောင်လက်ခံရရှိပြီး ဆောင်ရွက်ရန်မလို ရှစ်စောင်နှင့် ဆောင်ရွက်ပေးပြီး လေးစောင်ဖြစ်ပါကြောင်း ဆောင်ရွက်ထားချက်များကိုလည်း အစီရင်ခံစာ၌ ရေးထည့်ထားပါကြောင်း တင်ပြအပ်ပါတယ်။

**လွှတ်တော်အတွင်း ဆောင်ရွက်ချက်များ**

၆။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီဝင်များသည် အဆိုဆွေးနွေးခြင်း ၁၈ ကြိမ်၊ ကြယ်ပွင့်ပြမေးခွန်း ၂၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၂၇ ခုမေးမြန်းခဲ့ပြီး ပြည်တွင်းပြည်ပမှ ဧည့်သည်တွေနှင့်တွေ့ဆုံမှုကို ခြောက်ကြိမ်လက်ခံတွေ့ဆုံခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်မှုမှာ လွှတ်တော်အတွင်း ငါးကြိမ်နှင့် လွှတ်တော်ပြင်ပ အကြိမ် ၃၀ တက်ရောက်ခဲ့ကြပါတယ်။

## သုံးသပ်အကြံပြုချက်

၇။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလုပ်သားပြည်သူများသည် တည်ငြိမ်အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်ရန် ဆန္ဒပြင်းပြနေသော်လည်း နိုင်ငံသည် မပြီးဆုံးနိုင်သည့် စစ်ပွဲများဖြင့်သာ သက်ဆိုးရှည်နေသည့်အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ကတော့ NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှလည်း ဆက်လက်လက်မှတ်ရေးထိုးကြရန် အထူးလိုအပ်လျက်ရှိပါတယ်။

(၂) တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခဖြေရှင်းရာတွင် ကော်မတီဝင် များ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ကြွစွာပါဝင်လှုပ်ရှားနိုင်ရေးအတွက် ကော်မတီတာဝန်နှင့် လုပ်ပိုင်ခွင့်မူဘောင်ကို ပို၍သတ်မှတ်ပေးနိုင်ရန်လိုအပ်ကြောင်း သုံးသပ်ကြပါတယ်။ (၃) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အကူပြုစေသည့် ငြိမ်းချမ်းရေးအသံများ၊ လွှတ်တော်တွင် ပိုမိုတင်ပြခွင့်ရရှိနိုင်ရေး ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ (၄) ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနှင့် ၂၁ ရာစု အတွေးအခေါ်များဖြင့်ပေါင်းစပ်ကာ နည်းလမ်းရှာခြင်းဖြင့် ငြိမ်းချမ်းရေးခရီးကို ပို၍နီးစပ်လာ နိုင်မည်ဖြစ်ပါတယ်။ (၅) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းပြီးဖြစ်သလိုနည်းဥပဒေများကိုလည်း ဆက်လက်အတည်ပြုပြီးပါက တိုင်းရင်းသားတို့၏ စာပေ၊ စကား၊

အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ အမျိုးသားလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခွင့် ပိုမိုရရှိလာမည်ဖြစ်တဲ့အတွက် တိုင်းရင်းသားအချင်းချင်း ပို၍ရင်းနှီးချစ်ကြည်စွာ ရှေ့ဆက်ခရီးသွားနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ (၆) ကော်မတီသည် တိုင်းရင်းသားတွင်း နေ့ထူးနေ့မြတ်ဖြစ်သော ရှားငံမြို့တွင်ကျင်းပပြုလုပ်တဲ့ ဓနုတိုင်းရင်းသားတို့၏ အမျိုးသားအခမ်းအနားနေ့၊ ဖယ်ခုံမြို့နယ်တွင် ကျင်းပပြုလုပ်သော ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာ အဲ့ဒိုပေါ်မီ(ဒီးကူ)ပွဲတော်သို့ ကော်မတီအနေဖြင့် တက်ရောက်အားပေးချီးမြှင့်သဖြင့် တိုင်းရင်းသားများအကြားအချင်းချင်း ယုံကြည်မှုနှင့် လွှတ်တော်၏ပုံရိပ်၊ ကော်မတီ၏ပုံရိပ် ပိုမိုထင်ရှားလာသည့်အတွက် နောင်တွင် စဉ်ဆက်မပြတ် အားပေးချီးမြှင့်ရန် လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

**နိဂုံး**

နိဂုံးချုပ်အနေဖြင့် ကော်မတီဝင်များသည် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပတွင် မိမိတို့၏တာဝန်နှင့် ဝတ္တရားများကို ကြိုးစားဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားများမျှော်လင့်လျက်ရှိသော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို စောင့်ရှောက်ဖော်ထုတ်မြှင့်တင်ပေးမည့် ဥပဒေ၊ နည်းဥပဒေများအရ တိုင်းရင်းသားတို့ရဲ့အခွင့်အရေးများ ပိုမိုရရှိလာမည်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးလည်း ပို၍အောင်မြင်လာမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ ကော်မတီဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးအလေးပေးကာ ပေးအပ်သောတာဝန်များကို ကျေပွန်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ။ ပြည်သူ့လွှတ်တော်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာ အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

မူကြမ်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏
# လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ

## နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ၁၇-၂-၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၆)ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ကော်မတီဝင် ၁၈ ဦးနှင့် လေ့လာသူ ၂ ဦးဖြင့် တက်ညီလက်ညီကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီ၌နိုင်ငံရေးပါတီများပါဝင်မှုမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ ၉ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ၁ ဦး၊ "ဝ" ဒီမိုကရက်တစ်ပါတီမှ (၁) ဦး၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ (၁) ဦး၊ ကချင်ပြည်နယ်ပြည်သူ့ပါတီမှ ၁ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၂ ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁ ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ(၁)ဦးနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ ပါတီ ၈ ပါတီတို့ပါဝင်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ သက်၊ ရှမ်း၊ ပလောင်၊ ကိုးကန့်၊ နာဂနှင့် ပအိုဝ်း စသည့်တိုင်းရင်းသားလူမျိုးများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပတွင် ကော်မတီကဆောင်ရွက်ခဲ့သောလုပ်ငန်းများကို သိရှိနိုင်ရန်အတွက် တင်ပြအစီရင်ခံထားပါသည်။

## ဖွဲ့စည်းခြင်း

၃။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၁၀၆ တို့အရ ၁၇-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ပါတီအသီးသီး၊ ဒေသအသီးသီးမှ တိုင်းရင်းသားများပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀-၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၉)အရ **၁၆-၂-၂၀၂၀** ရက်နေ့အထိ ကော်မတီသက်တမ်းကို တတိယအကြိမ် ထပ်မံတိုးမြှင့်ဖွဲ့စည်းခဲ့ပါသည်။

**လေ့လာသူ အစားထိုးဖွဲ့စည်းခြင်း**

၄။ ကော်မတီတွင်လေ့လာသူ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်သူရ(အစား) ဗိုလ်မှူးအောင်ပြည့်ဖြိုးအား ၈-၅-၂၀၁၉ ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၃/၂၀၁၉)ဖြင့် အစားထိုးဖွဲ့စည်းခဲ့ရာ လက်ရှိတွင်အောက်ပါအတိုင်းဖြစ်ပါသည် -

| | **အမည်** | **မဲဆန္ဒနယ်** | **ရာထူး** |
|---|---|---|---|
| (က) | ဦးခွန်မောင်သောင်း | ပင်လောင်း | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာစိုင်းလှသိန်း | ချမ်းမြသာစည် | အဖွဲ့ဝင် |
| (ဂ) | ဦးပွဲ့ဒူ | ဖရူဆို | အဖွဲ့ဝင် |
| (ဃ) | ဦးစောဗစ်တာခလိုက် | သံတောင်ကြီး | အဖွဲ့ဝင် |
| (င) | ဦးစိန်အောင် | ပလက်ဝ | အဖွဲ့ဝင် |
| (စ) | ဒေါက်တာလှိုင်မြင့်ဟန် | ကန့်ဘလူ | အဖွဲ့ဝင် |
| (ဆ) | ဦးကျင်ဝမ်း | ဟိုပန် | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်မင်း | လက်ပံတန်း | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းကျော် | နမ့်ခမ်း | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးလမာနော်အောင် | အင်ဂျန်းယန် | အဖွဲ့ဝင် |
| (ဋ) | ဦးထွန်းမြအောင် (ခ) ဦးစောထွန်းမြအောင် | ဖာပွန် | အဖွဲ့ဝင် |
| (ဌ) | ဦးလှထွန်းကျော် | မောင်တော | အဖွဲ့ဝင် |
| (ဍ) | ဒေါ်နန်းခမ်းအေး | နမ္မတူ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်သန်းထွတ်သိန်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်ကျော်ဦး (ခ) ဦးကျော်ဦး | မိုင်းတုံ | အဖွဲ့ဝင် |
| (တ) | ဦးဝမ်းလှ | နန်းယွန်း | အဖွဲ့ဝင် |
| (ထ) | ဦးလူတယ်ဟုန်(ခ) ဦးအောင်ရွှေ | လောက်ကိုင် | အဖွဲ့ဝင် |
| (ဒ) | ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနား | အတွင်းရေးမှူး |
| (ဓ) | ဒု-ဗိုလ်မှူးကြီးဇော်ထွန်းဦး | တပ်မတော်သား | လေ့လာသူ |
| (န) | ဗိုလ်မှူးအောင်ပြည့်ဖြိုး | တပ်မတော်သား | လေ့လာသူ |

တို့ဖြစ်ပါသည်။ အမျိုးသားကိုယ်စားလှယ် ၁၉ ဦးနှင့် အမျိုးသမီးကိုယ်စားလှယ် ၁ ဦးတို့ ဖြစ်ပါသည်။

**ကော်မတီ၏သက်တမ်း**

၅။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်

ပါက သက်တမ်းတိုးနိုင်သည်။ ကော်မတီ၏တာဝန်များနှင့်လုပ်ပိုင်ခွင့်များကို ကိုယ်စားလှယ်များ လေ့လာရာတွင် လွယ်ကူမှုရှိစေရန် ထည့်သွင်းအစီရင်ခံထားပါသည်။

**ကော်မတီ၏တာဝန်များ**

၆။ ကော်မတီသည် –

(က) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက် စေရန် ကူညီဆောင်ရွက်ရမည်။

(ဂ) တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်း ကူညီရေးတို့ကို အလေးထားဆောင်ရွက်ရမည်။

(ဃ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက် ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်။

(င) ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေး ခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့်ဆောင်ရွက် နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်း

များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်းလက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

**ဥပဒေပြုခြင်း**

၈။ ကော်မတီက လေ့လာစိစစ်ရမည့်ဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) The Yangon Water Works Act (India Act 19,1884,Vol.VI)

(ခ) The Yangon Hackney Carriages Act (Myanmar Act 4,1917,Vol.VII)

(ဂ) The Yangon Development Trust Act (India Act 5,1920,Vol.IV)

(ဃ) The City of Yangon Municipal Act (Myanmar Act 6,1922,Vol.VI)

(င) ကွဲနွားတိရစ္ဆာန်ကျော်နင်းမှုဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၈၅ ခုနှစ်)

(စ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၁)

(ဆ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (နဝတ ဥပဒေအမှတ် ၁၁/၁၉၉၃ ခုနှစ်)

(ဇ) နေပြည်တော်စည်ပင်သာယာရေးဥပဒေ (နယကဥပဒေ အမှတ် ၄/၂၀၀၉)

(ဈ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ (ပထစဥပဒေ အမှတ် ၈/၂၀၁၅)တို့ဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၉။ ကော်မတီဝင်များသည် ချမှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီပေါင်းစပ်ကာ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို ကော်မတီဝင်များက ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ထဲထဲဝင်ဝင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး စုစုပေါင်း(၁၀)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ၁၇–၁၂–၂၀၁၈ ရက်နေ့တွင်

ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် မိမိတို့ကော်မတီ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၄ ဦး၏ ဆွေးနွေးအကြံပြုချက်အရသော်လည်းကောင်း၊ ကော်မတီသို့ ရောက်ရှိလာသော တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်သက်ဆိုင်သည့် တိုင်ကြားစာများနှင့် ပတ်သက်၍ ဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဖြေရှင်းပေါင်းစပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ဆောင်ရွက်ချက်များကို အောက်ပါအတိုင်းအကျဉ်းချုံး၍ တင်ပြအပ်ပါသည်-

(က) ပျောက်ကွယ်လုနီးပါးဖြစ်နေသော လူနည်းစုတိုင်းရင်းသားများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်ပေးရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်တောင်ပိုင်း၊ ကလောမြို့နယ်တွင်နေထိုင်သော လူနည်းစုတိုင်းရင်းသားဖြစ်သည့် ထနော့လူမျိုးနှင့် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်တွင်နေထိုင်သော ယင်းတလဲလူမျိုးတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်မှတ်တမ်းတင်ခြင်းကိုဆောင်ရွက်ခဲ့ပြီး "သက်" တိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားတို့၏ ရိုးရာဓလေ့များကိုလည်း မှတ်တမ်းတင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ညှိနှိုင်းခဲ့ရာ စီစဉ်လျက်ရှိကြောင်းသိရှိခဲ့ရပါသည်။

(ခ) ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်တွင် နိုင်ငံသားမဟုတ်သူများကို ကမန်တိုင်းရင်းသားအဖြစ် နိုင်ငံသားကတ်ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်းသည့်အကြံပြုချက်နှင့် ပတ်သက်၍ ယင်းကိစ္စအား စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနနှင့် ၁၅-၅-၂၀၁၉ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)နှင့် ဦးကျော်တင်(ဆောမဲဆန္ဒနယ်)တို့ တင်ပြအကြံပြုချက်ဖြစ်သည့် တိုင်းရင်းသား (၁၃၅) မျိုးတွင် မပါဝင်သေးသည့် တောင်သားလူမျိုးကိစ္စနှင့်ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၅-၅-၂၀၁၉ ရက်နေ့တွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၂-၅-၂၀၁၉ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံသန်းခေါင်စာရင်းကို ၁၈၇၂ ခုနှစ်တွင် စတင်ကောက်ခံပြီး ၁၈၈၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ (၁၀)နှစ်တစ်ကြိမ် ပုံမှန်ကောက်ခံပါကြောင်း၊ ထိုအချိန်ကကောက်ခဲ့သည့် သန်းခေါင်စာရင်းစာအုပ်တွင် တောင်သားလူမျိုးပါဝင်ကြောင်း၊ ထို့ပြင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၁-၉-၁၉၇၂ ရက်စွဲဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုဌာနချုပ်မှ ဗဟိုသန်းခေါင်စာရင်းကော်မတီထံ ပေးပို့သောစာရင်းတွင်လည်း တောင်သားလူမျိုးများပါဝင်ကြောင်း သိရှိရ၍ တောင်သားလူမျိုးများအား တိုင်းရင်းသား(၁၃၅)မျိုးတွင် ဆက်လက်တည်ရှိရန် ဆောင်ရွက်ပေးလိုကြောင်း ညှိနှိုင်းခဲ့ပါသည်။

(ဃ) နိုင်ငံတော်၏ပညာရေးမူဝါဒကို မထိခိုက်စေဘဲ တိုင်းရင်းသားစာပေကို ကျောင်းချိန်အတွင်း သင်ကြားခွင့်၊ သင်ယူခွင့်ရရှိစေရန်နှင့် သင်ထောက်ကူဆရာ၊ ဆရာမများ ခန့်အပ်သည့်ကိစ္စနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်ညှိနှိုင်းလာခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာ သင်ကြားပေးသည့် ဆရာဆရာမများခန့်ထားလျက်ရှိသည့်အပြင် ကျောင်းချိန်အတွင်း တစ်ပတ်လျှင် (၅)ကြိမ်၊ တစ်နှစ်လျှင်(၁၂၀)ကြိမ် တရားဝင်သင်ကြားခွင့်ရရှိပြီးဖြစ်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော တိုင်းရင်းသား စာပေ (၅၄)မျိုးရှိနေပြီဖြစ်ကြောင်း ညှိနှိုင်းသိရှိရပါသည်။

မူကြမ်း

(င) တိုင်းရင်းသားလူမျိုးများ၏အမည်ကို မှားယွင်းဖော်ပြခြင်း၊ အမည်ထပ်နေခြင်း၊ နေထိုင်ရာဒေသကိုအစွဲပြု၍ လူမျိုး(၁၃၅)မျိုးဟု ခေါ်ဝေါ်နေခြင်းတို့ကို ပြန်လည် စိစစ်ရန်ကိစ္စအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးခဲ့ ရာ ဝန်ကြီးဌာနမှ ယင်းကိစ္စရပ်များသည် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးတွေ့ရပြီး အချိန်ယူဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း ပြန်လည် ဆွေးနွေးခဲ့ပါသည်။

(စ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်နည်းဥပဒေကို အမြန်ပြဋ္ဌာန်းပေးရေးကိစ္စနှင့်ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနမှ လွှတ်တော်သို့ ၃၀-၈-၂၀၁၉ ရက်နေ့တွင်ပေးပို့ခဲ့ပြီး ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များထံ ၃-၉-၂၀၁၉ ရက်နေ့တွင် ဖြန့်ဝေ ထားပြီးဖြစ်ပါသည်။ ၎င်းကိုမိမိတို့ကော်မတီက စိစစ်လျက်ရှိပါသည်။

**ငြိမ်းချမ်းရေးကိစ္စဆောင်ရွက်မှုအခြေအနေ**

၁၀။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၏ လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ်ဦးဆောင် ဖွဲ့စည်းထားသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တို့တွင် ကော်မတီဥက္ကဋ္ဌက အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးက UPDJC လုံခြုံရေးလုပ်ငန်းကော်မတီတွင်လည်းကောင်း ကော်မတီဝင်တစ်ချို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအစည်းအဝေး၏ လုပ်ငန်းကဏ္ဍအလိုက်အစုအဖွဲ့များတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ရာ၌ ငြိမ်းချမ်းရေးကော်မရှင်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပြီး ကော်မတီအနေဖြင့်လည်း ပြည်တွင်း

ငြိမ်းချမ်းရေးကို ကော်မတီ၏လုပ်ငန်းတာဝန်သတ်မှတ်ချက်အရ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

**တိုင်ကြားစာဆောင်ရွက်ထားရှိမှုများ**

၁၂။ တစ်နှစ်တာကာလအတွင်း ကော်မတီမှ တိုင်ကြားစာ ၁၂ စောင်လက်ခံရရှိပြီး ဆောင်ရွက်ရန်မလို ၈ စောင်နှင့် ဆောင်ရွက်ပြီး ၄ စောင်ဖြစ်ပါသည်။ ဆောင်ရွက်ထားရှိမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ တာလုံကျေးရွာသူသားများမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ မြစ်ငယ်မြစ်ပေါ်တွင် အထက်ရဲရွာရေကာတာ တည်ဆောက်ခြင်းစီမံကိန်းကို ရပ်တန့်ပေးရန်တောင်းဆိုခြင်း တိုင်ကြားစာနှင့်စပ်လျဉ်း၍ ၅-၉-၂၀၁၈ ရက်နေ့တွင် ကော်မတီသည် ဦးစိုင်းသန့်ဇင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (သီပေါမဲဆန္ဒနယ်)၊ ဦးစိုင်းထွန်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကျောက်မဲမဲဆန္ဒနယ်)တို့နှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၃-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်၏ ဆွေးနွေးချက်အပေါ် ၆-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အထက်ရဲရွာပင်မတမံ၏ ရေသိုလှောင်နိုင်မည့်ဧရိယာအတွင်းတွင် ရေစုဆောင်းသည့်အခါ တာလုံအရှေ့နှင့် အနောက်ကျေးရွာ(၂)ရွာ ကျရောက်နေခြင်းနှင့် ထိုကျေးရွာများအတွက် ယင်းစီမံကိန်းနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင် ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို တတိယအဖွဲ့အစည်းဖြစ်သော Resources and Environment Myanmar Limited (REM) အဖွဲ့ကို လုပ်ငန်းလွှဲအပ်ဆောင်ရွက်ခဲ့ခြင်း၊ ၇-၇-၂၀၁၄

ရက်နေ့တွင် (REM) အဖွဲ့၏ဦးဆောင်မှုဖြင့် ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် အတွင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများနှင့် တာလုံကျေးရွာသူ၊ ရွာသားများကို စီမံကိန်းနှင့်ပတ်သက်ပြီး ESIA ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ခြင်း၊ ကျောက်မဲမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် တာလုံကျေးရွာလူထုနှင့်တွေ့ဆုံခြင်းကို ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ဖိတ်ခေါ်၍ လေ့လာခဲ့ကြကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များတွင် တာလုံအရှေ့ကျေးရွာသူ၊ ရွာသားများမပြောင်းရွှေ့ခင်နှင့် ပြောင်းရွှေ့မည့်နေရာများသို့ရောက်ရှိချိန်တွင် လယ်ယာထွက်ကုန်များအဆင်ပြေစွာ ပို့ဆောင်ရောင်းဝယ်နိုင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သွားလာရေးအဆင်ပြေစေရန် လမ်းမဟော်နှင့်တာလုံ ကျေးရွာချဉ်းကပ်လမ်းကို ကျောက်ရောမြေခင်းလမ်း(၈)မိုင်ခန့်နှင့် လမ်းအဆောက်အအုံများကို စီမံကိန်းကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစီမံကိန်းအတွက် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာ၊ ကျေးရွာသူ၊ ကျေးရွာသားများဖြစ်သည့် **ဦးညိုဝင်းပါ (၁၂) ဦးမှ** လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူနှင့် ဓနုစာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့မှ ကျေးရွာပြည်သူအပေါ် ဖိအားပေးဆက်ဆံခြင်းနှင့်ပတ်သက်သည့် တိုင်ကြားစာနှင့်စပ်လျဉ်း၍ ၅-၉-၂၀၁၈ ရက်နေ့ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ လွှတ်တော်အခွင့်အရေးကော်မတီသို့ လွှဲပြောင်းပေးပို့ပြီး လွှတ်တော်အခွင့်အရေးကော်မတီမှ ပြန်လည်ပေးပို့လာသည့် ဆောင်ရွက်ထားရှိမှုနှင့် လွှတ်တော်ကိုယ်စားလှယ်၏ ရှင်းလင်းတင်ပြချက်ကို တိုင်ကြားသူများထံသို့ ၁၄-၁၂-၂၀၁၈ ရက်နေ့တွင် အကြောင်းပြန်ပေးခဲ့ပါသည်။

(ဂ) တောင်ကြီးမြို့၊ ထီဖောင်းကျေးရွာအုပ်စု၊ ကျေးရွာ(၈)ရွာမှ တောင်သူများသည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ သိမ်းဆည်းထားသော ခြံယာမြေဧက (၁၇၀၀) အား ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်တိုင်ကြားစာနှင့်စပ်လျဉ်း၍ ၁၂-၁၂-၂၀၁၈ ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် ပြည်ထဲရေး ဝန်ကြီးဌာနသို့ လိုအပ်သလိုဆောင်ရွက်နိုင်ပါရန် ၁၄-၁၂-၂၀၁၈ ရက်နေ့တွင် အမှုတွဲအားလွှဲပြောင်းပေးပို့ခဲ့ပါသည်။

(ဃ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ ရီနွဲ့ကျေးရွာအုပ်စု ဘန်ဒိန်းကျေးရွာသူရွာသားများမှ ၎င်းတို့နေထိုင်၊ လုပ်ကိုင်စားသောက်နေသော မြေနေရာများကို စလင်း(၇)မျိုး မျိုးနွယ်စုတို့မှ အင်အားသုံးကျူးကျော်နေမှုအား ဥပဒေနှင့် အညီတားဆီးပေးရန် တိုင်ကြားစာနှင့်စပ်လျဉ်း၍ ၅-၉-၂၀၁၈ ရက်နေ့တွင် ဦးဖိုးမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ဖယ်ခုံမဲဆန္ဒနယ်)အား ဖိတ်ကြား၍ အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ ယင်းအမှုတွဲနှင့်ပတ်သက်၍ ၁၈-၂-၂၀၁၉ ရက်နေ့တွင် အစည်းအဝေးထပ်မံပြုလုပ်ခဲ့ရာတွင် -

(၁) ၁၉၆၂ ခုနှစ်တွင် သက်ဆိုင်ရာနှစ်ဖက်လူမျိုးများအား အပြန်အလှန် ကျူးကျော်ခြင်းမပြုရန် အမိန့်ချမှတ်ခဲ့ခြင်း၊

(၂) ၂၅-၅-၂၀၁၈ ရက်နေ့တွင် ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှ စလင်း (၇) မျိုး မျိုးနွယ်စုတို့အား ဘန်ဒိန်းလူမျိုးများပိုင်သည့် မြေနေရာများ အား ကျူးကျော်ခြင်းမပြုရန် အမိန့်ချမှတ်ထားခြင်း၊

(၃) ယင်းအမိန့်အား စလင်း(၇)မျိုး မျိုးနွယ်စုတို့က လိုက်နာခြင်းမရှိဘဲ ဆက်လက် ကျူးကျော်နေကြောင်းတွေ့ရှိရ၍ စီမံခန့်ခွဲရေးနည်းလမ်းအရဆောင်ရွက်ရ မည်ဖြစ်သဖြင့် ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ယင်းအမှုတွဲ

အား **“ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသို့”** ၂၁-၂-၂၀၁၉ ရက်နေ့တွင် လွှဲပြောင်းပေးပို့ခဲ့ပါသည်။

**လွှတ်တော်အတွင်းဆောင်ရွက်ချက်များ**

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီဝင်များ၏ အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများနှင့် မေးခွန်းမေးမြန်းခြင်း ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | လွှတ်တော်တွင်းဆောင်ရွက်ချက်များ | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | အဆို ဆွေးနွေးခြင်း | မေးခွန်း | | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | မေးခွန်းပေါင်း | |
| ၁ | ဦးခွန်မောင်သောင်း | ပင်လောင်း | ၂ | ၁ | - | ၁ | |
| ၂ | ဦးပွဲ့ဒူ | ဖရူဆို | ၁ | - | - | - | |
| ၃ | ဦးစောဗစ်တာခလိုက် | သံတောင်ကြီး | ၅ | - | - | - | |
| ၄ | ဦးစိန်အောင် | ပလက်ဝ | ၁ | ၃ | ၄ | ၇ | |
| ၅ | ဒေါက်တာလှိုင်မြင့်ဟန် | ကန့်ဘလူ | ၁ | - | ၁ | ၁ | |
| ၆ | ဦးကျင်ဝမ်း | ဟိုပန် | - | ၁ | - | ၁ | |
| ၇ | ဦးကျော်မင်း | လက်ပံတန်း | ၁ | ၃ | ၆ | ၉ | |
| ၈ | ဦးထွန်းကျော် | နမ့်ခမ်း | - | - | ၆ | ၆ | |

မူကြမ်း

| စဉ် | အမည် | မဲဆန္ဒနယ် | လွှတ်တော်တွင်းဆောင်ရွက်ချက်များ | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | | |
| | | | ဆွေးနွေးခြင်း | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | မေးခွန်းပေါင်း | |
| ၉ | ဦးလမာနော်အောင် | အင်ဂျန်းယန် | - | ၁ | - | ၁ | |
| ၁၀ | ဦးစောထွန်းမြအောင် | ဖာပွန် | ၅ | - | ၁ | ၁ | |
| ၁၁ | ဦးလှထွန်းကျော် | မောင်တော | ၁ | - | - | - | |
| ၁၂ | ဒေါ်နန်းခမ်းအေး | နမ္မတူ | - | ၃ | ၃ | ၆ | |
| ၁၃ | ဦးအောင်ကျော်ဦး | မိုင်းတုံ | ၁ | ၃ | - | ၃ | |
| ၁၄ | ဦးဝမ်းလှ | နန်းယွန်း | - | ၆ | ၅ | ၁၁ | |
| ၁၅ | ဦးလူတယ်ဟုန် | လောက်ကိုင် | - | - | ၁ | ၁ | |
| | စုစုပေါင်း | | ၁၈ | ၂၁ | ၂၇ | ၄၈ | |

**ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့်တွေ့ဆုံမှုများ**

၁၄။ ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် န၀မပုံမှန်အစည်းအဝေးမှ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း ပြည်တွင်းအဖွဲ့အစည်းများနှင့်(၃)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်(၃)ကြိမ် စုစုပေါင်း(၆)ကြိမ်တွေ့ဆုံခဲ့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရက်စွဲ၊ နေရာ | လက်ခံတွေ့ဆုံသည့် ဦးရေ | အကြောင်းအရာ | လာရောက်တွေ့ဆုံသည့် အဖွဲ့အစည်း | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | ၁၃-၉-၂၀၁၈ ကြာသပတေးနေ့ I- 6 အပေါ်ထပ် | (၁၂) ဦး | သမ္မတကြီးထံတင်ပြထားသော ကချင်တိုင်းရင်းသားလူမျိုးဖြစ်စဉ်နှင့်ပတ်သက်၍ ဆွေးနွေးခြင်း | ထွယ်(ဝင်းလက်) ဂျံန်ဒါ ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့ | ပြည်တွင်း |
| ၂ | ၁၈-၉-၂၀၁၈ အင်္ဂါနေ့ I- 6 အပေါ်ထပ် | (၁၃) ဦး | ကော်မတီသို့ လာရောက်လေ့လာခြင်း | Danish Institute For Parties and Democracy (DIPD) | ပြည်တွင်း |
| ၃ | ၉-၁၁-၂၀၁၈ သောကြာနေ့ I- 6 အပေါ်ထပ် | (၁၅) ဦး | နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးရေး၊ ရိုးရာစာပေယဉ်ကျေးမှုနှင့် တိုင်းရင်းသားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခြင်း | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊အမျိုးသားလူမျိုးစု ရေးရာကော်မရှင်မှ ဒု-ဝန်ကြီး Mr. Li Changping ဦးဆောင်သောအဖွဲ့ | ပြည်ပ |
| ၅ | ၂၅-၁-၂၀၁၉ သောကြာနေ့ I – 7 အောက်ထပ် | (၂၃) ဦး | Myanmar Peaceful and Prosperous Communities Project (PPCP) နှင့် စပ်လျဉ်း၍ တွေ့ဆုံခြင်း | World bank Lead Social Development Specialist Mr. Sean Bradley | ပြည်ပ |

| စဉ် | ရက်စွဲ၊ နေရာ | လက်ခံတွေ့ ဆုံသည့် ဦးရေ | အကြောင်းအရာ | လာရောက်တွေ့ဆုံ သည့် အဖွဲ့အစည်း | မှတ် ချက် |
|---|---|---|---|---|---|
| ၆ | ၃၁-၁-၂၀၁၉ ကြာသပတေးနေ့ I- 6 အပေါ်ထပ် | (၁၅) ဦး | ရှေ့မှူလကရင်စာပေ (လိုက်ခွေါင်ကော်)အား ဘုံစာပေအဖြစ်သတ်မှတ်နိုင်ရန်ဆွေးနွေးခြင်း | ရှေ့မှူလကရင်စာပေအသင်းမှစာပေအကြံပေး ဦးစောမောင်ကြီး ဦးဆောင်သောအဖွဲ့ | ပြည်တွင်း |

**အလုပ်ရုံဆွေးနွေးပွဲများ**

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီဝင်များသည် လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပတို့တွင် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများဖြစ်သော NDI အစီအစဉ်ဖြင့် ကျင်းပပြုလုပ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်သိက္ခာအမူအကျင့် (Code of Conducts )ဆိုင်ရာ မူကြမ်းရေးဆွဲရန်အတွက် နောက်ဆက်တွဲအလုပ်ရုံဆွေးနွေးပွဲ၊ IDEA အစီအစဉ်ဖြင့် ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ပုံနှင့် အကောင်အထည်ဖော်ဆောင်ရာတွင် အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံများနှင့် မြန်မာနိုင်ငံနှင့်ဆီလျော်မည့်အချက်များနှင့်စပ်လျဉ်းသော အလုပ်ရုံဆွေးနွေးပွဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၏အတွေ့အကြုံများနှင့် မြန်မာနိုင်ငံအတွက်အသုံးဝင်မည့်အချက်များခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှကျင်းပသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်နည်းဥပဒေ (မူကြမ်း)အပေါ် သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းကျင်းပသည့် လူထုဗဟိုပြုစီမံကိန်း ပဉ္စမနှစ်စီမံကိန်း သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော ပြည်ထောင်စုအဆင့်သုံးသပ်ဆွေးနွေးပွဲ၊ KAS အစီအစဉ်ဖြင့် မဟာဗျူဟာမိတ်ဆက် (Introduction to Strategy)နှင့် ဒေသတွင်း

စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏အရေးပါသောအနေအထား (Myanmar's Strategic Position in the Regional Economic Cooperation) ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲ၊ NDI အစီအစဉ်ဖြင့် လွှတ်တော်လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ EITI မှကျင်းပသည့် ဒုတိယအကြိမ်နှင့်တတိယအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာများ ထုတ်ပြန်ကြေညာခြင်းနှင့်လူထုဆွေးနွေးပွဲ၊ International IDEA အစီအစဉ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်၏ အခြေခံမှုများ-တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော လူမှုအသိုင်းအဝန်းများအတွင်း ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံစံဒီဇိုင်းခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲ၊ WFD မှ ကျင်းပပြုလုပ်သည့် ဥပဒေပြုပြီးနောက်စိစစ်ခြင်းလုပ်ငန်းစဉ်ကို ခြုံငုံဆွေးနွေးပွဲ၊ International IDEA အစီအစဉ်ဖြင့်ကျင်းပသည့် သီရိလင်္ကာနိုင်ငံ၏ ၂၀၁၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအကြပ်အတည်း- ဒီမိုကရေစီတစ်ကျော့ပြန် ယုတ်လျော့သွားခြင်းလား သို့မဟုတ် အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းမှုလား အလုပ်ရုံဆွေးနွေးပွဲ၊ ILO မှ ကျင်းပပြုလုပ်သည့် ကလေးအလုပ်သမားနှင့် ပတ်သက်သည့်ဆွေးနွေးပွဲ၊ ကျန်းမာရေးဝန်ကြီးဌာန၊ WHO နှင့် World Bank တို့ပူးပေါင်းကျင်းပ သည့် မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်း၊ ဖက်ဒရယ်စနစ်မြှင့်တင်ခြင်းနှင့်ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေမူကြမ်းနှင့် စပ်လျဉ်းသည့်ဆွေးနွေးပွဲ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ ဆွေးနွေးတင်ပြခြင်း KAS အစီအစဉ်ဖြင့် လွှတ်တော်များနှင့်နိုင်ငံရေးကဏ္ဍတွင် အမျိုးသမီးများ အခန်းကဏ္ဍအားကောင်းလာစေရေး မဟာဗျူဟာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၊ ADB အစီအစဉ်ဖြင့်ကျင်းပသည့် လူမွဲခံခြင်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည့်ဆွေးနွေးပွဲ၊ WFD အာရှဒေသတွင်း ဥပဒေပြုပြီးနောက်ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ အစရှိသည့်အလုပ်ရုံဆွေးနွေးပွဲများ လွှတ်တော်ပြင်ပ(၃၀)ခုနှင့် လွှတ်တော်တွင်း(၅)ခု၊ စုစုပေါင်း (၃၅) ခုသို့ ကော်မတီဝင်များမှ အောက်ပါ အတိုင်း အသီးသီးတက်ရောက်ခဲ့ကြပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | တက်ရောက်သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|

မူကြမ်း

| စဉ် | အမည် | မဲဆန္ဒနယ် | တက်ရောက်သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးခွန်မောင်သောင်း | ပင်လောင်း | ၈ | |
| ၂ | ဒေါက်တာစိုင်းလှသိန်း | ချမ်းမြသာစည် | ၆ | |
| ၃ | ဦးပွဲဒူ | ဖရူဆို | ၁၀ | |
| ၄ | ဦးစောဗစ်တာခလိုက် | သံတောင်ကြီး | ၁၃ | |
| ၅ | ဦးစိန်အောင် | ပလက်ဝ | ၆ | |
| ၆ | ဒေါက်တာလှိုင်မြင့်ဟန် | ကန့်ဘလူ | ၇ | |
| ၇ | ဦးကျင်ဝမ်း | ဟိုပန် | ၃ | |
| ၈ | ဦးကျော်မင်း | လက်ပံတန်း | ၁၂ | |
| ၉ | ဦးထွန်းကျော် | နမ့်ခမ်း | ၂ | |
| ၁၀ | ဦးလမာနော်အောင် | အင်ဂျန်းယန် | ၈ | |
| ၁၁ | ဦးစောထွန်းမြအောင် | ဖာပွန် | ၄ | |
| ၁၂ | ဦးလှထွန်းကျော် | မောင်တော | ၄ | |
| ၁၃ | ဒေါ်နန်းခမ်းအေး | နမ္မတူ | ၁၁ | |
| ၁၄ | ဦးအောင်ကျော်ဦး | မိုင်းတုံ | ၉ | |
| ၁၅ | ဦးဝမ်းလှ | နန်းယွန်း | ၆ | |
| ၁၆ | ဦးလူတယ်ဟုန်(ခ) ဦးအောင်ရွှေ | လောက်ကိုင် | ၅ | |
| ၁၇ | ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနား | ၁၆ | |
| ၁၈ | ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး | တပ်မတော်သား | ၉ | |
| ၁၉ | ဗိုလ်မှူးမြတ်သူရ | ။ | ၁ | |

မူကြမ်း

**သုံးသပ်အကြံပြုချက်**

၁၆။ (က) လက်ရှိအချိန်ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မီတင်းနေထိုင်သော တိုင်းရင်းသားလုပ်သားပြည်သူများသည် တည်ငြိမ်အေးချမ်းသော ပြည်ထောင်စုကြီး ဖြစ်ရန်ဆန္ဒပြင်းပြနေချိန်ဖြစ်သော်လည်း နိုင်ငံ၏အရှေ့မြောက်ပိုင်း၊ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင်တိုက်ပွဲများ စဉ်ဆက်မပြတ်ဖြစ်ပွားလျက်ရှိသည့်အပြင် ပို၍ ပြင်းထန်လာကြောင်းကိုလည်း မြင်တွေ့နိုင်ပါသည်။ စစ်၏အနိဋ္ဌာရုံကြောင့် တိုင်းရင်းသား ဒေသရှိ ပြည်ထောင်စုသားများ ဒုက္ခမျိုးစုံရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့မှ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရန် ကြိုးစား တည်ဆောက်လျက်ရှိရာ အစီရင်ခံစာတင်သွင်းသည့်အထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၁၀)ဖွဲ့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆို ခဲ့ပြီးဖြစ်ပါသည်။ သို့သော် ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှလည်း NCA စာချုပ်တွင် အမြန်လက်မှတ်ရေးထိုးကြရန် အထူးလိုအပ်လျက်ရှိပါသည်။

(ခ) ငြိမ်းချမ်းသာယာသောပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် တိုင်းရင်းသားဒေသများ တွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများဖြေရှင်းရာတွင် ကော်မတီဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၏ စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် တက်ကြွစွာပါဝင် လှုပ်ရှားခြင်းဖြင့် ယုံကြည်မှုကို ပိုမိုတည်ဆောက်နိုင်မည်ဟု ယုံကြည်သည်ဖြစ်၍ ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်မူဘောင်ကို ပို၍သတ်မှတ်ပေးနိုင်ရန် လိုအပ် ကြောင်း သိမြင်လာပါသည်။

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အကူ ပြုစေသည့် ငြိမ်းချမ်းရေးအသံများ လွှတ်တော်တွင်ပိုညံစေရန် တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) နှစ်ရှည်လများဖြစ်ပွားလာသည့် ပြည်တွင်းစစ် ချုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ၂၁-ရာစု အတွေးအခေါ်ဖြင့်ပေါင်းစပ်ကာ နည်းလမ်းရှာခြင်း ဖြင့် ငြိမ်းချမ်းရေးခရီးပို၍ နီးစေနိုင်ပါသည်။

(င) တိုင်းရင်းသားများအထူးတောင်းဆိုနေသော တိုင်းရင်းသားများအတွက် တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သည့် အပြင် နည်းဥပဒေများအတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသား တို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်ခွင့်ရရှိကြပြီဖြစ်ပြီး တိုင်းရင်းသားအချင်းချင်း ပိုမိုရင်းနှီး ချစ်ကြည်စွာ ရှေ့ဆက်ခရီးသွားနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

(စ) ကော်မတီသည် တိုင်းရင်းသားတို့၏နေ့ထူးနေ့မြတ်ဖြစ်သော ရှာငံမြို့တွင်ကျင်းပပြု လုပ်သည့် ဓနုတိုင်းရင်းသားတို့၏အမျိုးသားနေ့အခမ်းအနားနှင့် ဖယ်ခုံမြို့နယ်၊ မိုင်းဖြတ် ရွာတွင်ကျင်းပပြုလုပ်သည့် ကယားတိုင်းရင်းသားတို့၏ရိုးရာ “အဲ့ဒိုပေါ်မီ(ဒီးကူ)” ပွဲတော်သို့ ကော်မတီအနေဖြင့် တက်ရောက်အားပေးချီးမြှင့်သဖြင့် တိုင်းရင်းသားများ အကြား လွှတ်တော်ပုံရိပ်၊ ကော်မတီ၏ပုံရိပ် ပိုမိုထင်ရှားလာသည့်အတွက် နောင်တွင် စဉ်ဆက်မပြတ် အားပေးချီးမြှင့်ရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**နိဂုံး**

၁၇။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဝင်များသည် လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပတွင် မိမိတို့၏ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေဖြင့် တိုင်းရင်းသားများ မျှော်လင့်လျက်ရှိသော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအား ကာကွယ်စောင့်ရှောက်

ဖော်ထုတ်မြှင့်တင်ခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများအရ တိုင်းရင်းသားတို့ရှင်သန်ခွင့်၊ ဖော်ဆောင်ခွင့် အခွင့်အရေးများပိုမိုရရှိလာနိုင်ပြီဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲလာမည်ဖြစ်သည့်အပြင် နိုင်ငံသားအားလုံး၏ဆန္ဒဖြစ်သော တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

၁၈။ သို့ဖြစ်၍ ကော်မတီဝင်များသည် ဒွိတာဝန်အရေးသုံးပါးကို မထိခိုက်စေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးအလေးပေးကာ ပေးအပ်သောတာဝန်များကို ကျေပွန်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂-၁၂-၂၀၁၉ ရက် (တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့

အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်ကို ဆွေးနွေးရန် ဖိတ်ခေါ် ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အကြံပြုချက်များနှင့်တကွ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဆုံးအချက်ဆွေးနွေးလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းတွေကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများက လာရောက်ဖြေဆိုတဲ့အခါမှာ တချို့သော အနည်းစု ကတော့ ဖြစ်ပါတယ်။ တချို့သော ဝန်ကြီးတွေရဲ့ဖြေဆိုချက်တွေဟာ ပီပီသသ၊ ရှင်းရှင်းလင်းလင်း မရှိတဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေက မိမိတို့မေးတဲ့ကိစ္စဟာ ကတိဖြစ်သလား/ မဖြစ်သလား တစ်ခါတလေကျတော့ သဲသဲကွဲကွဲမရှိတာတွေရှိပါတယ်။ ဒါကတော့ အခုနောက်ပိုင်း မှာတော့ ဒါမျိုးကတော့ နည်းတော့နည်းသွားပါပြီ။ သို့သော်လည်း တချို့သော ဝန်ကြီးတွေဆိုလို့ရှိရင် အခုအချိန်ထိကို သဲသဲကွဲကွဲ၊ ပီပီသသမဖြေတဲ့အခါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ နားစိုက်ထောင်ရတာ တစ်ခါတလေကျရင် ဆက်စပ်မေးခွန်းတွေနဲ့ မေးတဲ့အခါလည်း ရှင်းရှင်း လင်းလင်းမသိရတာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးများအနေနဲ့ ကိုယ့်ရဲ့ဝန်ကြီးဌာနကနေ ထွက်လာတယ်ဆိုတည်းကိုက ဒီမေးခွန်းကိုတော့ ကတိပေးမယ်။ ဒီမေးခွန်းကိုတော့ ကတိမပေးဘူး ဆိုတာကို ရှင်းရှင်းလင်းလင်းစဉ်းစားလာပြီးတော့မှ ဒီမှာလာပြီးဖြေသင့်တယ်။ ဒီကိစ္စကို ကော်မတီ ကနေပြီးတော့ ထိန်းကျောင်းပေးသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။

ဒါကလည်း ကျွန်တော့်ရဲ့ကိုယ်ပိုင်အတွေ့အကြုံတစ်ခုအရပါ။ အဲဒါဘာလဲဆိုတော့ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော်ရဲ့ သတ္တမပုံမှန်အစည်းအဝေးရဲ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့

မှာပါ မေးခွန်းတစ်ခုမေးပါတယ်။ ငါးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ၂၀၁၈ ခုနှစ်က အဲဒီမှာ ကျွန်တော် တရားမဝင်ငါးကန်တွေနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဆောင်ရွက်ပေးဖို့အစီအစဉ်ရှိသလဲ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက ဒါနဲ့ပတ်သက်ပြီးတော့ သင့်လျော်တဲ့၊ ထိုက်သင့်တဲ့ ဒီလုပ်ငန်းရှင်တွေလည်း ခံနိုင် လောက်တဲ့ဒဏ်ကြေးကို ယူပြီးတော့ ဒါတွေတရားဝင်ဖြစ်အောင် လုပ်ပေးပါမယ်လို့ ပြန်ပြီးတော့ ဖြေပါတယ်။ အဲဒီတော့ ကျွန်တော်က ဆက်စပ်မေးခွန်းမေးပါတယ်။ အစိုးရမေးခွန်း ဒီလိုလုပ်ပေးဖို့ အစီအစဉ်က ဘယ်တော့လောက်ဆိုရင်လုပ်ပေးနိုင်ပါ့မလဲလို့ မေးတဲ့အခါကျတော့ ဒီနှစ်ထဲမှာ လုပ်ပေးပါမယ်လို့ ဖြေပါတယ်။ ဒါကြီးကို အရင်တုန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်တဲ့ အခု သမ္မတကြီးဖြစ်နေတဲ့ ဦးဝင်းမြင့်ကလည်း ဒီနှစ်ထဲမှာဆိုတဲ့ကိစ္စကို နည်းနည်းလေး အလေးထားပြီးတော့ လုပ်ပေးပါလို့တောင် ထပ်ပြီးတော့ အလေးထားပြီးတော့ ပြောခဲ့ပါသေးတယ်။ သို့သော် ဒီနှစ်ထဲမှာဆိုတာ ၂၀၁၈ ခုနှစ်ကိုပြောတာပါ။ ၂၀၁၈ ခုနှစ် တစ်နှစ်လုံးကုန်သွားတဲ့အထိ ဒီကတိက အကောင်အထည်ပေါ်မလာတဲ့အခါကျတော့ ကျွန်တော်က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ မှာပဲ ထပ်ပြီးတော့ ကတိကဝတ်ကော်မတီကို လှမ်းပြီးတော့ စာပို့ပြီးတော့ မေးပါတယ်။ ကျွန်တော့်ကို ဒီလိုကတိပေးခဲ့ပါတယ်။ ဒီကတိက အခုထိလည်း အကောင်အထည်ပေါ်မလာသေးပါဘူးဆိုတဲ့ အခါကျတော့ ကတိကဝတ်ကော်မတီကနေ ကျွန်တော့်ကို ဘယ်တော့ခေါ်သလဲဆိုတဲ့အခါကျတော့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ ကျွန်တော်တို့ကိုခေါ်တွေ့ပါတယ်။ ခြောက်လကြာပါတယ်။ ခေါ်တွေ့ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက တာဝန်ရှိတဲ့သူတွေနဲ့တွေ့ပါတယ်။ တွေ့တဲ့အခါ ကျတော့ ကျွန်တော့်ကို ဒီမှာကတိအဖြစ် ပယ်ဖျက်ပေးနိုင်မလားလို့ တခြားသော ကိုယ်စားလှယ်များ ကိုလည်း မေးပါတယ်။ တော်တော်များများကတော့ မပယ်ဖျက်ပေးနိုင်ဘူးလို့ ဖြေပါတယ်။ ကျွန်တော်လည်း ဒါဘာမှမလုပ်ပေးရသေးတဲ့ကိစ္စကို ပယ်ဖျက်ပေးလို့မရဘူး ဒီလိုပဲဖြေလိုက်ပါ တယ်။ အဲဒီတော့ ဒီဟာက အခုဆိုရင် နှစ်နှစ်နီးပါးကြာသွားပါပြီ။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကော်မတီအနေနဲ့ ဝန်ကြီးဌာနတွေကို သေချာထိန်းကျောင်းပြီးတော့ တိတိကျကျ မေးခွန်း မေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်းပြန်ပြီးတော့ ဖြေရှင်းပေးသင့်တယ်လို့

ယူဆပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီမှာ ကတိဖြစ်ခဲ့တဲ့လုပ်ငန်းနှင့် ပတ်သက်ပြီးတော့ ဒီမှာမဆောင်ရွက်နိုင်တဲ့အခါ ကတိအတိုင်းဆောင်ရွက်ခြင်းမရှိသေးတဲ့လုပ်ငန်းတွေ၊ သတ်မှတ်ကာလအတွင်းပြီးစီးမှုမရှိသေး တဲ့လုပ်ငန်းတွေ၊ အရည်အသွေးပြည့်မှုမရှိတဲ့လုပ်ငန်းတွေ၊ အငြင်းပွားဖွယ်ကိစ္စရပ်တွေ ရှိလာလို့ရှိရင် ဒီလေးမျိုးရှိပါတယ်။ ဒီမှာ ကျွန်တော့အတွက်ကတော့ ကတိအတိုင်းဆောင်ရွက်ပေးခြင်းမရှိသေးတဲ့ လုပ်ငန်းလို့ယူဆပါတယ်။

နောက်တစ်ခုက ဒီမှာ ဘယ်လိုကြောင့်ကတိတွေအတည်မဖြစ်တာလဲဆိုတော့ နယ်မြေအခြေအနေတည်ငြိမ်မှုမရှိတာရယ်၊ ရာသီဥတုဆိုးရွားတာ၊ သတ်မှတ်မြေနေရာအငြင်းပွားဖွယ်ဖြစ်နေတာ၊ ဘတ်ဂျက်မရသေးတာ၊ သတ်မှတ်ကာလအတွင်းပြီးစီးမှုမရှိသေးတာ၊ ကုမ္ပဏီတွေက ဆက်လက်လုပ်ဆောင်ရန် ငြင်းဆန်နေတာ၊ ရေရှည်ဆောင်ရွက်သွားရမယ့် လုပ်ငန်းဖြစ်တာဆိုတော့ ဒီမှာလည်း ကျွန်တော့်ရဲ့ မေးထားတဲ့မေးခွန်းနဲ့ပတ်သက်ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်မှုမရှိခြင်း၊ ၂၀၁၈ ခုနှစ်ထဲမှာ လုပ်ပေးမယ်လို့ ပြောတဲ့ဟာ ၂၀၁၈ ခုနှစ်တည်းမှာ မပြီးသေးတဲ့ကိစ္စပါ။ ဒါနဲ့ပတ်သက်ပြီးတော့ ခုနကျွန်တော်ပြောခဲ့တဲ့အတိုင်းပဲ ဝန်ကြီးဌာနကို ကော်မတီအနေနဲ့ တိတိကျကျထိန်းကျောင်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်မေးထားတဲ့မေးခွန်းကို သေချာဖြေကြားပေးဖို့ ကျွန်တော်ဒါလေးကို ထိန်းကျောင်းပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ နောက်တစ်ခုက အစီရင်ခံစာမှာ ဘယ်လိုပါလဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ အပိုင်းကို ဘယ်လိုသူက အကြံပြုထားသလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိမဲဆန္ဒနယ်မြေအတွင်းရှိ ကတိဖြစ်လုပ်ငန်းများ အမှန်တကယ်ပြီးစီးမှုရှိ/မရှိ၊ အရည်အသွေးပြည့်မီခြင်းရှိ/မရှိတို့ကို သွားရောက်စစ်ဆေး၍ လိုအပ်ချက်ရှိပါက ကော်မတီသို့တင်ပြ၍ လုပ်ငန်းများအောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်သင့်ပါသည်ဆိုပြီး လွှတ်တော်ကိုယ်စားလှယ်တွေကို အကြံပြုထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ကော်မတီကိုတင်ပြနေတဲ့ စာနဲ့ Paper Work တွေ သိပ်များနေမယ့်အစား ကျွန်တော်တို့က တစ်ခုခုကိုသွားစိစစ်လို့ မပြီးသေးဘူး။ ဒါကိုမလုပ်ဘူး။ ဒါကို အရည်အချင်းမမီဘူးဆိုလို့ရှိရင် တိုက်ရိုက်ဝန်ကြီးဌာနကို ဖုန်းဆက်ချင်ပါ

တယ်။ ဖုန်းဆက်တဲ့အခါလည်း PSO တွေနဲ့တွေ့တဲ့အခါမှာလည်း PSO တွေကများသောအားဖြင့်က အလေးထားမှုသိပ်မရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ပြောတဲ့ဟာ ဝန်ကြီးတွေက အစည်းအဝေးဝင်နေရင်ဝင်နေမယ်။ ဒါကိုပြန်ပြီးတော့ ထွက်လာတဲ့အခါ ပြန်ပြောပြီးတော့ ကျွန်တော်တို့ကို Inter Active အနေနဲ့ ပြန်ပြီးတော့ တုံ့ပြန်သင့်ပါတယ်။ ဒီလိုတုံ့ပြန်မှသာ ချက်ချင်း Paper Work တွေလုပ်စရာမလိုဘဲနဲ့ လုပ်ငန်းတွေကို ပြီးစီးအောင် စိစစ်ပြီးတော့ ကြီးကြပ်နိုင်မှာဖြစ်ပါတယ်။ ဒီလို ဝန်ကြီးဌာနတွေ၊ ဝန်ကြီးတွေက လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဖုန်းဆက်တဲ့အချိန်တွေ၊ ဖုန်းဆက်တဲ့ကိစ္စတွေကိုလည်း အလေးထားပြီးတော့ တုံ့ပြန်ဖို့အတွက် ကော်မတီကနေ ဝန်ကြီးဌာနများကို ထိန်းကျောင်းသင့်တယ်လို့ အကြံပြုရင်းနဲ့ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ရှင်းလင်းရတဲ့အကြောင်းအရင်းကတော့ ခုနလည်း ကျန်းမာရေးဝန်ကြီးကလည်း ပြောသွားပြီးဖြစ်ပါတယ်။ သူတို့ကခက်ခဲတယ်လို့ပြောတဲ့အခါမှာ ကျွန်တော်တို့မြို့နယ်မှာ သုံးမွန်း ဆိုတဲ့ရွာရှိတယ်။ တိုက်နယ်ဆေးရုံတောင်းမယ်။ ၂၀၁၆ ခုနှစ်ကစ ကတိပေးတယ်။၂၀၂၀ ခုနှစ်ထိ အောင်မပါဘူး။ ဖွဲ့စည်းပုံလည်းမကျဘူး။ သို့သော် ဝန်ကြီးဌာနမှလည်း အခက်အခဲ ရှိတဲ့ဟာကို ကျွန်တော်တို့က ခုနကြားသိရတယ်။ ဒီဟာတစ်ခုခုတော့ လွဲချော်နေတယ်လို့ပဲ ကျွန်တော်တို့က မြင်တယ်။ ဒါကြောင့်မို့လည်း ပြည်သူလူထုက ဒီ Procedure တွေ ဘာတွေ၊ ညာတွေကို မဲဆန္ဒရှင်တွေက နည်းမလည်ဘူး။ ၂၀၁၆-၂၀၁၇ ခုနှစ်က ပေးထားတဲ့ကတိဟာ ကျွန်တော်တို့ သက်တမ်းကုန်မယ့် ၂၀၂၀ ခုနှစ်အထိတောင်မှ မပါလာဘူးဆိုရင် တစ်ခုခုတော့ ဒါကျွန်တော်တို့ စဉ်းစားသုံးသပ်သင့်တယ်။ ကတိကဝတ်ကော်မတီကပဲဖြစ်ဖြစ်၊ လွှတ်တော်ကပဲ ဖြစ်ဖြစ် ထိန်းကျောင်းတည့်မတ်သင့်တယ်လို့ ယူဆတယ်။ ဒါကြောင့်မို့လည်း အခြေခံအချက်တွေ

အကုန်လုံးလည်း ပြည့်စုံအောင်ပေးတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကျွန်တော်တို့ကို ပေးသင့်တယ် အကြောင်းပြောတယ်။ မြေတွေ အကုန်လုံးလိုအပ်ချက်တွေကို ချပေးတယ်။ ဒေသအခက်အခဲတွေ ကျန်းမာရေးဘယ်လို ဒါတွေအကုန်လုံးရှိပါရဲ့နဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်ကပေးထားတဲ့ကတိကို ၂၀၁၉-၂၀၂၀ ခုနှစ်မှာမပါနိုင်ဘူးဆိုရင် ဘာကြောင့်ဒီလိုဖြစ်လဲဆိုတာ စဉ်းစားသုံးသပ်ပြီးတော့မှ ကတိကဝတ်ကော်မတီရော၊ လွှတ်တော်ကြီးကရော ထိန်းကျောင်းတည့်မတ်ပေးကြပါလို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ **ထီးလင်းမဲဆန္ဒနယ်မှ** ဦးမြတ်လေးဦး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ဒီကနေ့ လွှတ်တော်ကြီးမှာ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာအပိတ်နဲ့ ရည်ရွယ်ချက်မှာ ကတိဖြစ်ခဲ့တဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ပြီးစီးမှုရှိ/မရှိသိရှိနိုင်ဖို့အတွက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ တွေ့ဆုံညှိနှိုင်းဆောင်ရွက်မည်လို့ ပါရှိပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ကိုယ်စားလှယ်တွေရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားတဲ့နေရာမှာ ကတိနှစ်မျိုးဖြစ်တာကို တွေ့ရှိရပါတယ်။ တစ်ခုကတော့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်ကတိဖြစ်ပြီး နောက်တစ်ခုကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေက အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်ကတိပဲဖြစ်ပါတယ်။ အဲဒီမှာ ပထမတစ်မျိုးကတော့ ပြဿနာမရှိပါဘူး။ ဒုတိယက တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့မှ အကောင်အထည်ဖော်ရမယ့်လုပ်ငန်းတွေမှာတော့ ပြဿနာဖြစ်လာတာတွေ့ရပါတယ်။ တိုင်းဒေသကြီးအဖွဲ့ကနေမှ ဖြေကြားတဲ့အချက်အပေါ်မှာလာရောက်ပြီးတော့မှ ဝန်ကြီးဌာနအနေနဲ့ဖြေရှင်းရတဲ့ဟာတွေရှိပါတယ်။

အဲဒီကနေမှ ကျွန်တော်တို့အကောင်အထည်ဖော်တဲ့နေရာမှာကျတော့ တိုင်းဒေသကြီးကနေပြီးတော့မှ အကောင်အထည်ဖော်ရတဲ့နေရာတွေမှာ ငြင်းပယ်ခံရတာတွေ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဘာ့ကြောင့်လဲလို့ ကျွန်တော်တို့မေးကြည့်တဲ့နေရာမှာ အစိုးရဌာနဆိုင်ရာတွေကနေပြီးတော့မှ လျှာထားတင်ပြပေမဲ့လည်း တိုင်းဒေသကြီးလွှတ်တော်ကနေပြီးတော့မှဖျက်ချကြောင်း ကျွန်တော်တို့သိရပါတယ်။ ဒါနဲ့ဆက်လက်စုံစမ်းကြည့်တော့ ပြည်ထောင်စုလွှတ်တော်မှာမေးလို့ ကတိဖြစ်တဲ့လုပ်ငန်းတွေကို ပြည်ထောင်စုရန်ပုံငွေကနေပြီးတော့မှ အကောင်အထည်ဖော်သင့်တယ်။ တိုင်းဒေသကြီးရန်ပုံငွေကနေပြီးတော့မှ အကောင်အထည်မဖော်သင့်ဘူးဆိုပြီးတော့မှ တိုင်းဒေသကြီးလွှတ်တော်ကနေမှဖျက်ကြောင်း ကျွန်တော်တို့ သိရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပြည်ထောင်စုကဖြေခဲ့လို့ တိုင်းဒေသကြီးအစိုးရအနေနှင့် ဖြေတဲ့ဟာတွေကို တစ်ဆင့်ဖြေရတာဖြစ်ကြောင်းပြောပေမဲ့လည်း တိုင်းဒေသကြီးကိုယ်စားလှယ်တွေ တင်ပြတဲ့၊ မေးခွန်းမေးတဲ့ကိစ္စတွေကို ပြန်လည်ပြီးတော့မှချပေးရမှာဖြစ်တဲ့အကြောင်း ဒါကြောင့်မို့လို့ တိုင်းဒေသကြီး လွှတ်တော်အနေနဲ့ဖျက်ရတာဖြစ်ကြောင်း ကျွန်တော်တို့သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်ကကိုယ်စားလှယ်ပဲဖြစ်ဖြစ် ပြည်သူကတင်ပြတဲ့ကိစ္စတွေကို နည်းဥပဒေ၊ ဥပဒေနှင့်အညီ မေးခွန်းမေးရမှာဖြစ်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း ပြည်ထောင်စုကပဲ အကောင်အထည်ဖော်ဖော်၊ တိုင်းဒေသကြီးကပဲအကောင်အထည်ဖော်ဖော် ပြည်သူ့ဘဏ္ဍာငွေနဲ့ ပြည်သူတွေအတွက်ဆောင်ရွက်ရတာဖြစ်တယ်ဆိုတာ အားလုံးသိရှိဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စမျိုးတွေမှာ ကော်မတီအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရတွေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်တွေနဲ့ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။

နောက်တစ်ခုတင်ပြလိုတာကတော့ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပဲ ကိုယ်စားလှယ်တွေရဲ့မေးခွန်းအပေါ်မှာ ဝန်ကြီးဌာနရဲ့အဖြေတွေဟာ တိတိကျကျဖြေပေးစေချင်တာလည်းဖြစ်ပါတယ်။ တချို့ကိစ္စတွေဟာ တိကျမှုရှိပေမဲ့ တချို့ကိစ္စတွေကတော့ သို့လောသို့လောနဲ့

ယူဆရမယ့်အယူအဆတွေလွဲမှားနိုင်ပါတယ်။ လာမည့်ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေလျာထား တောင်းခံပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်ပေးမယ်လို့ဖြေကြားတာတွေ တွေ့ရပါတယ်။ အဲဒီလိုအဖြေမျိုးတွေကျတော့ ပြည်သူတွေအနေနဲ့ မျှော်တလင့်လင့်ဖြစ်နေရတာ ဖြစ်ရပါတယ်။ ဒါကြောင့်မို့လို့ အဖြေတွေပေးတဲ့နေရာမှာ တိတိကျကျဖြေပေးစေလိုကြောင်း ကျွန်တော့်အနေနဲ့အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုတင်ပြလိုတာကတော့ မေးခွန်းတွေအပေါ်မှာမူတည်ပြီး အမှန်တကယ်အရေးကြီးတဲ့ကိစ္စမျိုးတွေမှာ ကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ပြီး အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သင့်ကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ ကျွန်တော်မေးခဲ့တဲ့မေးခွန်းတစ်ခုဆိုရင် ယခုအချိန်ထိ အကောင်အထည်မပေါ်လို့ မေးခွန်းမေးနေရဆဲပဲဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ နေ့စွဲနဲ့ ထီးလင်းမြို့(အ.ထ.က)မှာ အရေးတကြီးလိုအပ်နေတဲ့ကျောင်းဆရာလိုအပ်ချက်ကို မေးမြန်းခဲ့တာပဲဖြစ်ပါတယ်။ ဝန်ကြီးဌာနက လိုအပ်လျက်ရှိတဲ့ဆရာအင်အားကို ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပြန်လည်ဖြည့်ဆည်းခန့်ထားပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်ထိ၊ ပညာသင်နှစ်တစ်ဝက်ကျိုးတဲ့အချိန်ထိ ဆရာတစ်ယောက်မှတိုးပေးတာမရှိလို့ အခက်တွေ့နေရဆဲပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုကိစ္စမျိုးတွေကို ပညာရေးဝန်ကြီးဌာနနှင့်တွေ့တဲ့အခါမှာ ကျောင်းသူကျောင်းသားတွေအတွက် အမှန်တကယ်လိုအပ်နေတဲ့ဆရာလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးကော်မတီအနေနှင့် ဆောင်ရွက်ပေးစေလိုတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ယခုကော်မတီအနေနဲ့ ပြည်သူလူထု အမှန်တကယ် လိုအပ်နေတဲ့လုပ်ငန်းတွေကို အမှန်တကယ်အကောင်အထည်ဖော်လာနိုင်အောင် အရည်အသွေးကောင်းမွန်ပြီး တာရှည်ခိုင်ခန့်တဲ့ရလဒ်ကောင်းတွေပေါ်ထွက်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်း ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

မူကြမ်း

**ဦးမန်းညွန့်သိန်း(ပန်းတနော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးမယ့် ပန်းတနော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် မန်းညွန့်သိန်း ဖြစ်ပါတယ်။ ယခုနှစ် မတ်လ ၃၀ ရက်နေ့မှာ ဒေါက်တာဒေါ်မေဝင်းမြင့် ဦးဆောင်တဲ့ကော်မတီဟာ ကျွန်တော်တို့ ပန်းတနော်မြို့နယ်မှာရှိတဲ့ တရားမဝင်ငါးကန်အမြောက်အမြားကို တူးဖော်နေတဲ့အကြောင်း ကျွန်တော့်ရဲ့တိုင်ကြားချက်အရ ကျေးရွာအုပ်စုနှစ်ခုကိုကွင်းဆင်းပြီးလေ့လာစိစစ်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်အပါအဝင် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာတွေလည်း ပါရှိပါတယ်။

ဒီတရားမဝင်ငါးကန်အမြောက်အမြားဟာ ၂၀၁၆ ခုနှစ်ကနေပြီးတော့ ၂၀၁၈-၂၀၁၉ ခုနှစ် အထိ အလုံးအရင်းနဲ့ အမြောက်အမြားတူးတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒေသခံအနေနဲ့ အင်မတန်စိုးရိမ်ပြီးတော့ တိုင်ကြားရခြင်းဖြစ်ပါတယ်။ စိစစ်ရေးကော်မတီတွေဟာ ကွင်းဆင်းပြီး ပြန်သွားတဲ့အချိန်ထိ တရားမဝင်ငါးကန်အမြောက်အမြားကို ဆက်လက်တူးနေတာဖြစ်တဲ့အတွက် ကျွန်တော်နှစ်ကြိမ်တိတိ ကော်မတီကိုတိုင်ကြားရခြင်းဖြစ်ပါတယ်။ တရားမဝင်ကန်တွေဟာ စိုက်ပျိုး လယ်ယာမြေတွေ၊ စားကျက်မြေတွေနဲ့တရားဝင်ဂရန်ပေါက် အင်းနယ်နိမိတ်တွေမှာ ၂၀၁၆ ခုနှစ်က စပြီးတော့တူးနေတာဖြစ်လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကော်မတီတွေရော၊ တိုင်းဒေသကြီးဝန်ကြီးတွေနဲ့ရော ထပ်ခါထပ်ခါတင်ပြနေရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီး ဌာနကလည်း အောက်ခြေအဆင့်ဆင့်သို့ အထက်ပါတရားမဝင်ငါးကန်ကိစ္စများကိုမေးမြန်းတဲ့အခါ သက်ဆိုင်ရာဌာနတွေက ဖြေကြားမှုတွေကိုရရှိခဲ့ပါတယ်။

မြို့နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုအဖွဲ့ရဲ့အစီရင်ခံချက်အရ ဧက ၆၀၀၀၀ ကျော်ဟာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုပြီးတော့ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဧက ၉၀၀၀ ကျော်ကိုတော့ ပြန်ပြီးတော့ အကောင်အထည်မဖော်ရဘဲပြန်သိမ်းတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီနေရာမှာ ဒီလယ်မြေတွေ၊ အင်းအိုင်တွေကို စိုက်ပျိုး/မွေးမြူရေးဆိုပြီးတော့ အသုံးပြုတဲ့အခါမှာ ဗဟိုခွင့်ပြု

ချက်၊ ဝန်ကြီးကြိုတင်ခွင့်ပြုချက်၊ ဒေသဆိုင်ရာအာဏာပိုင်ခွင့်ပြုချက်ဆိုပြီးတော့ သုံးမျိုးသုံးစား သိမ်းခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၆-၂၀၁၇ မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းဦးစီး ဌာနရဲ့စာရင်းအရ လ/န ၃၉ ကျတာ ဧက ၁၆၀၀၀ ကျော်ရှိပြီး လ/န ၃၉ မကျတာ ဧက ၅၀၀၀ ကျော်ရှိပါတယ်။

အဲဒီတော့ နောက်ဆုံး ဌာနဆိုင်ရာအစီရင်ခံချက်အရ မူလဘောင်ခတ်ဧရိယာ ၂၀၀၀၀ ကျော် ကျော်ရှိပြီးတော့ ခွင့်ပြုမိန့်မရတာ ၈၀၀၀ ကျော်ရှိပါတယ်။ အဲဒီတော့ အထက်ပါစာရင်းဇယား ကိန်းဂဏန်းတွေကို ကျွန်တော်တို့က ဒေသခံတွေနဲ့ပူးပေါင်းစိစစ်တဲ့အခါမှာ ကျေးရွာတစ်အုပ်စုချင်း ကို တရားဝင်/မဝင် တူးထားတဲ့ငါးကန်တွေကို မြို့နယ်သက်ဆိုင်ရာထွေ/အုပ်တွေနဲ့၊ ကျေးရွာ အုပ်ချုပ်မှုတွေနဲ့စိစစ်တဲ့အခါ ဒေသခံလူထုရဲ့ပြောကြားချက်အရ တရားမဝင်ငါးကန်အမြောက်အမြား ကျန်ရှိနေတာကို တွေ့ရပါတယ်။ အချို့ကျေးရွာတွေမှာ စားကျက်အတွင်းမှာ တရားမဝင်ငါးကန် များကို ငါးမွေးမြူရေးငါးကန်အဖြစ်အခွန်ဆောင်ပြီး တရားဝင်ဟန်ဆောင်ပြီးလုပ်နေတာကိုလည်း တွေ့ရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်ဟာ မိမိထမ်းဆောင်ရမယ့် တာဝန်ယူမှု အားနည်းခြင်းကြောင့် တာဝန်ခံချက်များလည်း မပီမပြင်ဖြစ်နေရပါတယ်။

အထက်ပါ တရားမဝင်ငါးကန်ကိစ္စများဟာ ခုမှဖြစ်လာတာမဟုတ်ပါဘူး။ နောက်ကြောင်း ပြန်ပြီးတော့ အကြောင်းအချက်အလက်တွေစိစစ်တဲ့အခါမှာ ၁၉၈၈ ခုနှစ် မြို့နယ်လယ်ယာမြေ ပြဿနာတွေမှာ တရားမဝင်ငါးကန်တွေဖဖြစ်ရခြင်းကိစ္စရဲ့အဓိကလက်သည်ဖြစ်တဲ့ လယ်ယာမြေ ပြဿနာတွေဖြစ်ပါတယ်။ စပါးတာဝန်မကျေထမ်းဆောင်ရတဲ့နေရာကနေပြီးတော့ ခလေ့ထုံးစံ ကျေးရွာချင်းဆက်ရွာနီးချုပ်စပ်လယ်တွေဟာ ၁၉၉၇ ခုနှစ်မှာ စပါးတာဝန်မကျေလို့ဆိုပြီးတော့ တစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ၊ လေးနှစ်တစ်ခါ ရေကြီးတဲ့အတွက် စပါးခင်းအမြောက်အမြား ပျက်စီး တာတွေ၊ ပိုးကျတာတွေဖြစ်တဲ့အတွက် စပါးတာဝန်မကျေတာကနေပြီးတော့ မိမိတို့စိုက်ပျိုး လယ်ယာမြေများ ကေလျှော့ပြီးတော့ပြတဲ့အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် စိုက်ပျိုးမြေ တွေဟာ ပါသွားတာဖြစ်ပါတယ်။

ဒ့ါအပြင် ၁၉၉၈–၁၉၉၉ မှာလည်း တစ်မြို့နယ်လုံးမှာ ရေအောက်ရတနာမြေဖော်ထုတ်ရေး ဆိုပြီးတော့ ကေသိန်းချိုပြီးတော့ ပုဂ္ဂလိကကုမ္ပဏီတွေကိုပေးခဲ့တာတွေရှိပါတယ်။ အဲဒီတော့ ကုမ္ပဏီ တွေဟာ အဲဒီထဲကနေပြီးတော့ စက်ယန္တရားကြီးတွေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုပြီးတော့ ၂၀၁၆ ခုနှစ်မှာ တရားဝင်ငါးကန်တွေအဖြစ် ပြောင်းလဲခဲ့တာ။ ဒေသခံတောင်သူများရဲ့မူလလက်ငုတ် လယ်ယာမြေ တရားဝင်ဂရန်ပေါက်အင်းအိုင်များက အထက်ပါကုမ္ပဏီကြီးများရဲ့ငါးကန်အဖြစ် ပြောင်းလဲခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ကွင်းဆင်းမှုကြောင့် ကျွန်တော်တို့ဟာ လက်ရှိ တရား မဝင်မှုတွေကိုတွေ့ရတဲ့အပြင် ဒေသခံတွေကလည်း ပြန်ပြီးတော့ တချို့လယ်ယာမြေတွေ၊ အသိမ်းခံ ရတဲ့လယ်ယာမြေတွေ ပြန်လည်ရရှိတာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ တရားမဝင် ငါးကန် အမြောက်အမြားရဲ့ဒေသပတ်ဝန်းကျင်နဲ့ရေစီးရေလာသဘာဝပတ်ဝန်းကျင် အတားအဆီးများဟာ ရေရှည်မှာဖြစ်လာမယ့်ဆိုးကျိုးတွေဖြစ်တဲ့အတွက် ကော်မတီရဲ့ကွင်းဆင်းစစ်ဆေးမှုဟာ အင်မတန် လျော်ကန်သင့်မြတ်ပြီး ဒေသခံတွေရဲ့အားကိုးယုံကြည်မှုကိုရရှိပါကြောင်းဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက ပြန်လည်ရှင်းလင်းရန်ရှိက ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးနိုင်(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပဲမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ တာဝန်ပေးချက်အရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။ ပြန်လည် ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော်တို့ကော်မတီရဲ့ (၂/၂၀၁၉ ခုနှစ်)အစီရင်ခံစာအပေါ် လေးနှစ်တာဆွေးနွေးသွားကြတဲ့ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးနဲ့ ပန်းတနော် မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်းတို့အား ကော်မတီကိုယ်စား ကျေးဇူးတင်မှတ်တမ်းတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ထို့အတူကော်မတီအစီရင်ခံစာအပေါ် ဆွေးနွေးခြင်းမပြုသော်လည်း စိတ်ဝင်တစားဖတ်ကြားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကျေးဇူးတင်ပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ လုပ်ငန်းစဉ်အချို့နဲ့ ရှင်းလင်းချက်အချို့ကို ခြုံငုံတင်ပြလိုပါသောကြောင့် သတ်မှတ်အချိန်ထက် အချိန်အနည်းငယ် ပိုခွင့်ပြုပေးရန်နှင့် လွယ်ကူရှင်းလင်းစွာတင်ပြလိုပါသောကြောင့် Power Point Presentation အသုံးပြုခွင့်ပေးပါရန် လေးစားစွာတောင်းခံအပ်ပါတယ်။

လေးစားပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီဟာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများနှင့်အဆိုများတွင် ကတိပြုခဲ့တဲ့ အာမခံချက်များ၊ တာဝန်ခံချက်များအပေါ် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ အရ မည်သည့်အခြေအနေအထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်းရှိ/မရှိကိုလည်းကောင်း၊ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့တို့ကိုတွေ့ဆုံစိစစ်ရပါတယ်။ ဒါ့အပြင်ကော်မတီဟာ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၉၈ အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါ အားလျော်စွာ ပေးခဲ့တဲ့အာမခံချက်များ၊ ကတိများနှင့် တာဝန်ချက်များကိုထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ/မရှိကို စိစစ်နိုင်ရန်လိုအပ်တဲ့ နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်ရန် လို့ဖော်ပြထားသည့်အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားချက်အရ ကွင်းဆင်း စစ်ဆေးခြင်းများကိုလည်း ပြုလုပ်လျက်ရှိပါတယ်။ ထိုသို့ကွင်းဆင်းစစ်ဆေးချက်များအပေါ်

မူတည်ပြီးတွေ့ရှိချက်၊ သုံးသပ်ချက်နဲ့အကြံပြုချက်များ ပါဝင်တဲ့ကော်မတီရဲ့အစီရင်ခံစာများကို လည်း လွှတ်တော်ဥက္ကဋ္ဌကြီးထံ ပေးပို့လျက်ရှိပါတယ်။ ထို့အပြင် လွှတ်တော်တွင်ကတိဖြစ်ခဲ့တဲ့ လုပ်ငန်းများနှင့်ပတ်သက်၍ (က) ကတိအတိုင်းဆောင်ရွက်ခြင်းမရှိသောလုပ်ငန်းများ (ခ) သတ်မှတ် ကာလအတွင်းပြီးစီးခြင်းမရှိသောလုပ်ငန်းများ (ဂ) အရည်အသွေးပြည့်မီခြင်းမရှိသောလုပ်ငန်းများ (ဃ) အငြင်းပွားဖွယ်ကိစ္စရပ်များရှိပါက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်မှ ကော်မတီသို့ တိုင်ကြားလာလျှင်လည်းကောင်း၊ လုပ်ငန်းတိုက်ဆိုင်စစ်ဆေးချက်များအရသော်လည်းကောင်း ကွင်းဆင်းစစ်ဆေးပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆွေးနွေးသွားကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသိရှိဆောင်ရွက်နိုင်အောင် ကော်မတီရဲ့အစီရင်ခံစာများမှ လည်းကောင်း၊ လုပ်ငန်းတိုက်ဆိုင်စစ်ဆေးချိန်တွင်လည်းကောင်း၊ ဝန်ကြီးဌာနနှင့်လွှတ်တော် ကိုယ်စားလှယ်များ လုပ်ငန်းကိစ္စညှိနှိုင်းရာတွင်လည်းကောင်း၊ အကြံပြုတိုက်တွန်းထားခဲ့ပြီး ဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာအပေါ် ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်ပါအချက်အလက်များကို ကော်မတီရဲ့အစီရင်ခံစာများတွင် ဖော်ပြပါအတိုင်းအကြံပြု ခဲ့ပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနများမှ လွှတ်တော်တွင်မေးခွန်းများဖြေဆိုရာတွင် ကတိအဖြစ် သတ်မှတ်လုပ်ဆောင်ပေးမည့် လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ပေးမည့်ဘဏ္ဍာရေးနှစ် အလိုက် တိကျစွာဖြေကြားရန် အကြံပြုအပ်ပါသည်။ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆက် တစ်စပ်တည်းမေးခွန်း မေးမြန်းစရာမလိုအပ်တော့ဘဲ အချိန်ကုန်သက်သာစေပါတယ်လို့ တင်ပြ ထားပြီးဖြစ်ပါတယ်။ ၎င်းအပြင်ကော်မတီရဲ့ (၁/၂၀၁၇) အစီရင်ခံစာတွင်လည်း ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ ဝန်ကြီးဌာနများက လွှတ်တော်တွင်ကတိအဖြစ်ပေးရန် အခက်အခဲရှိသော မေးခွန်းများကိုလာရောက် ဖြေဆိုရာတွင် အဆုံးသတ်ဖြေရှင်းချက်၌ သိသာထင်ရှားသည့် အကြောင်း ပြချက်ပါရှိအောင် ထည့်သွင်းဖြေဆိုသင့်ပါကြောင်း သို့မှသာ ကတိဖြစ်/မဖြစ်ခွဲခြားသတ်မှတ်နိုင်မှာ

ဖြစ်ကြောင်း အကြံပြုထားရှိပြီးဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ဖွဲ့စည်းပုံများအား စံနှုန်းများနဲ့အညီအသစ်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်ရန်စနစ်နှင့်ပတ်သက်၍ ကော်မတီ၏အစီရင်ခံစာ(၁/၂၀၁၉) တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းဖွဲ့စည်းပုံချမှတ် ဆောင်ရွက်ပေးရန် ကတိဖြစ်ခဲ့သော်လည်း ဝန်ထမ်းနေရာခန့်ထားရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏သဘော တူညီချက်၊ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ ခွင့်ပြုချက်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူခြင်း တို့အပါအဝင် လူ့စွမ်းအားအရင်းအမြစ စီမံခန့်ခွဲမှုအစီရင်ခံစာအပေါ်အခြေခံတဲ့ အမိန့်ကြော်ငြာစာထုတ်ပြန် ထားချက်ပါ ပူးတွဲပါရှိအောင်စောင့်ဆိုင်းရသဖြင့် ကြန့်ကြာနေခြင်းစတဲ့ အချက်တွေကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဝန်ထမ်းဖွဲ့စည်းပုံတောင်းခံရသည့်အခါတိုင်း အဆင့်ဆင့် သောလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေရတဲ့အတွက် ဆေးရုံ၊ ဆေးခန်းများ တည်ဆောက် ပြီးစီးပြီး အချိန်ကာလအတော်ကြာမှ ဝန်ထမ်းဖွဲ့စည်းပုံချပေးနိုင်တဲ့အတွက် ကတိအတိုင်း ဆောင်ရွက်သလိုမျိုးဖြစ်နေကြောင်း သုံးသပ်တွေ့ရှိချက်ကို တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဖွဲ့စည်းပုံဇယားတွေမှာ ပါရှိသည့်အတိုင်း ဆောင်ရွက် နေပါက လုပ်ငန်းကြန့်ကြာမှုများ တွေ့ကြုံနေရပါသဖြင့် ယခုထက်ပိုမိုထိရောက်သော နည်းလမ်းကို ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုထားပြီးဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ လွှတ်တော်တွင်းမှာ လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသေးစိတ်ရှင်းလင်းထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် လွှတ်တော် ကိုယ်စားလှယ်များ၏ ကတိဖြစ်မေးခွန်းများနှင့် အတည်ပြုအဆိုများကို လွှတ်တော်၏ လုပ်ပိုင်ခွင့် မူဘောင်အတွင်းမှနေ၍ လွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်းတင်ပြခြင်း၊ သက်ဆိုင်ရာ

ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဆွေးနွေးညှိနှိုင်းခြင်းတို့ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များ၊ အခက်အခဲများ၊ တိုင်ကြားချက်များကို ထိရောက်အောင်မြင်အောင်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ယနေ့ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များကို ကော်မတီမှာ မှတ်တမ်းထားရှိသွားမှာဖြစ်ပါတယ်။ ထို့အပြင်လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီး ဌာနနှင့် သက်ဆိုင်ရာကိုယ်စားလှယ်များကို ကော်မတီတွင်ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက် ခြင်းအား လွှတ်တော်ကိုယ်စားလှယ် များ၏ ကြုံတွေ့နေရသောအခက်အခဲများကို ပြေလည်အောင် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်းနှင့် ယခုလိုဆွေးနွေးပေးကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည် ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီးတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်

တာဝန်ခံချက်များစိစစ်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈-၉-၂၀၁၉ ရက်နေ့ (၂၄)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက တင်သွင်းခဲ့တဲ့ အစီရင်ခံစာကို ယနေ့ကျင်းပတဲ့ ပြည်သူ့ လွှတ်တော် အစည်းအဝေးမှာ ကိုယ်စားလှယ်လေးဦးအား ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့ အတွက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီရဲ့အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံအတည်ပြုပေးပါရန်နှင့် လေးစားစွာဖြင့် အဆိုတင်သွင်း အပ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နား

ပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

## အချိန်၊ ၁၂း ၃၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂ : ၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့

(၂၉.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



**U Thein Swe** **U Myint Thein**



**U Thein Swe** **U Than Linn Linn**



**Dr Myint Htwe** **U Khun Than Htoo**



**Dr Myint Htwe** **Dr Than Win**



**Dr Myint Htwe** **U Sai Ba Thein**



**Dr Myint Htwe** **Dr Aung Naing**

pyithu.hluttaw.mm



Dr Myint Htwe



U Aung Tin Linn

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်